# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 18 August 2017 (၉၀၂၀)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မစ္စတာ ရိုလန်ကိုဘီယာအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေအနေများ နှင့် မြန်မာ-EU ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း၏ ဈာပနအခမ်းအနားသို့ တက်ရောက်**

စာမျက်နှာ - ၈

**ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ကုန်သွယ်လုပ်ငန်း ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ**

စာမျက်နှာ - ၅

**တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့မှုအခြေအနေများ ဆွေးနွေး**

စာမျက်နှာ - ၃

# YBS၊ Water Bus နှင့် မြို့ပတ်ရထားတို့တွင် ကတ်စနစ်ငွေပေးချေမှုစနစ် တစ်ပြေးညီအသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဟု သိရ

**ရန်ကုန် ဩဂုတ် ၁၇ -** ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကတ်စနစ်ငွေပေးချေမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုတင်ဒါ စတင်ခေါ်ယူခဲ့ရာ YBS ယာဉ်လိုင်းများအပြင် Water Bus နှင့် မြို့ပတ်ရထားပို့ဆောင်ရေးကဏ္ဍတွင်လည်း တစ်ပြေးညီအသုံးပြုနိုင်ရေးအတွက် ကနဦး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ကတ်စနစ် ယာဉ်စီးခပေးချေမှုစနစ်အတွက် တင်ဒါခေါ်ယူမှုကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)နှင့်Yangon Payment Services (YPS)၏ ကတ်စနစ်ဖြင့် ငွေပေးချေမှုလုပ်ငန်းဝန်ဆောင်မှုအတွက် (၁) Cards Issuing လုပ်ငန်း၊ (၂) Cards Acquiring လုပ်ငန်းနှင့် (၃) Cards Top up Agent လုပ်ငန်းများကိုဆောင်ရွက်ရန် လုပ်ကိုင်လိုသော **စာမျက်နှာ ၁၀ ကော်လံ ၅ သို့**




ဩစတြေးလျနိုင်ငံမှ တင်သွင်းသည့် Catamaran အမျိုးအစား သင်္ဘောအား တွေ့ရစဉ်။


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## တွေးခေါ်မြော်မြင် တီထွင်ကြံဆ

တွေးခေါ်မြော်မြင်မှုနှင့် ကိုယ်ပိုင်တီထွင်ကြံဆမှုများ နေရာတိုင်းတွင် ရှိဖို့လိုအပ်ပါသည်။ သို့သော် လုပ်မြဲကိုင်မြဲနှင့် စေခိုင်းမှ လုပ်ကိုင်တတ်သည့် အလေ့အထမှာ နေရာတိုင်းတွင် စွဲမြဲနေသည်ဟု ဆိုရမလိုဖြစ်သည်။ အကျိုးရလဒ်အားဖြင့် မဖွံ့ဖြိုးခြင်း၊ မတိုးတက်ခြင်းတို့ကိုသာ မြင်တွေ့ခံစားကြရမည်ဖြစ်သည်။

တွေးခေါ်မြော်မြင်မှုနှင့် ကိုယ်ပိုင်တီထွင်ကြံဆမှုရှိလာစေရန် အခြေအနေကောင်းများကို ဖန်တီးပေးထားသင့်သည်။ လမ်းမှန်ညွှန်ပြမှုနှင့် အားပေးကူညီမှုလည်း ရှိသင့်သည်။ တွေးခေါ်မြော်မြင်မှုနှင့် ကိုယ်ပိုင်တီထွင်ကြံဆမှုတို့ကို ဟန့်တားပိတ်ဆို့တားဆီးမှုကိုဖြစ်စေမည့် လုပ်ကိုင်ဆောင်ရွက်မှုမပြုမိအောင် သတိမူသင့်သည်။ လွတ်လပ်စွာတွေးခေါ်ကြံဆဆောင်ရွက်နိုင်သည့် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်မှသာ ရည်မှန်းချက်သို့ရောက်နိုင်သည်။

တွေးခေါ်မြော်မြင်နိုင်မှုနှင့် ဆန်းစစ်ဖော်ထုတ်တတ်သော အလေ့အကျင့်ကောင်းကို ပညာရေးနယ်ပယ်မှစတင်၍ အခြေခံအုတ်မြစ်ချပေးလေ့ရှိသည်။ ထိုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာ၌ သင်ကြားသင်ယူမှုအပိုင်းတွင် တီထွင်ဖန်တီးကြံဆနိုင်မှု၊ ဝေဖန်ပိုင်းခြားဖြေရှင်းနိုင်မှုတို့အတွက် အခြေခံသဘောတရားများကို သဘောပေါက်နားလည်လာအောင် ဦးစွာဆောင်ရွက်ပြီးမှသာ သင်ယူထားသူ၏အရည်အသွေးကို စစ်ဆေးတိုင်းတာကြည့်သင့်ပေသည်။ စစ်ဆေးတိုင်းတာရာ၌ ပို့ချပေးခဲ့သော သင်ခန်းစာပါအတိုင်း ပုံသေကားချပ်ကားမဟုတ်ဘဲ ၎င်းအပေါ် အခြေခံ၍ ကိုယ်ပိုင်တွေးခေါ်မြော်မြင်မှုနှင့် တီထွင်ကြံဆနိုင်မှု အတိုင်းအတာကို ဆန်းစစ်ကြည့်သင့်ပေသည်။

လက်ရှိအချိန်ကာလအထိ ကျောင်းသင်စာမေးပွဲများတွင် အလွတ်ကျက်ဖြေဆိုမှုနှင့် စာမေးပွဲအောင်မြင်ရေး၊ ထူးချွန်ရေးတို့၌ တစ်ပွဲတိုးနည်းလမ်းများနှင့် ဖြတ်လမ်းမှ ကူညီထောက်ပံ့ပေးမှုအားကိုရယူကာ ဖြေဆိုခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ အောင်လက်မှတ်ရ အရည်အချင်းသာရှိပြီး လုပ်ငန်းခွင်နယ်ပယ်၌ အရည်အသွေးမရှိသော အရေအတွက်များသာ ပေါ်ပေါက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် သင်ယူမှု၊ သင်ကြားမှုနည်းလမ်းပိုင်းတွင် အရေးကြီးသလို လေ့လာဆန်းစစ်မေးခွန်းထုတ်ရမည့်သူများမှာလည်း အရေးပါသည်ဟု ဆိုရမည်ဖြစ်သည်။ ဥပမာအားဖြင့် တစ်ချိန်သောကာလက ဘာသာရပ်တစ်မျိုးအတွက် တစ်နှစ်နှင့်တစ်နှစ်မတူဘဲ မည်သူမျှခန့်မှန်း၍မရအောင် မေးခွန်းထုတ်သောပုစ္ဆာမှာ ကျောင်းသား ကျောင်းသူများ မဖြေဆိုနိုင်အောင်ပြုလုပ်ခြင်းမဟုတ်ဘဲ ဉာဏ်ရည်ဉာဏ်သွေးနှင့် တွေးခေါ်မြော်မြင်ကြံဆနိုင်မှု မည်မျှရှိသည်ကို ဆန်းစစ်အဖြေရှာခြင်းဖြစ်သည်။ ထိုအခါ အပြင်းအထန် အာဂုံဆောင် လေ့လာဆည်းပူးသူထက် ပေါ့ပေါ့ပါးပါးဖြင့် ဉာဏ်ရွှင်အောင် လေ့လာဆည်းပူးသူက တစ်ပန်းသာသည်ကိုတွေ့ရမည်ဖြစ်သည်။

ယခုစာသင်နှစ် လာမည့်တက္ကသိုလ်ဝင်စာမေးပွဲတွင် မေးခွန်းပုံစံမပြောင်းလဲဘဲ ဘာသာရပ်တစ်ခုချင်းအပေါ်တွင်မူတည်၍ အချို့သော ဓမ္မဓိဌာန်မေးခွန်း၊ မေးခွန်းတို၊ မေးခွန်းရှည်များကို ကျောင်းသုံးစာအုပ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တစ်ထပ်တည်းမေးခွန်းမထုတ်ဟု သိရသည်။ အချို့သောမေးခွန်းများကို ကိုယ်ပိုင်တွေးခေါ်ကြံဆမှုဖြင့် စဉ်းစားဖြေဆိုကြရမည်ဟုသိရသဖြင့် ကျောင်းသား ကျောင်းသူများအတွက် အသိဉာဏ်မြင့်မားမှုသာမက နိုင်ငံအတွက်ပါ အကျိုးရလဒ်ကောင်းများ ပေါ်ထွက်နိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

အဆိုပါအခြေအနေကို ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုကတည်းက သိရှိနားလည်ထားကြပြီး လာမည့်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ကြံဆထားရမည်ဖြစ်သည်။ သင်ကြားထားသော ဘာသာရပ်တစ်ခုလုံးကို ခြုံငုံစဉ်းစားတွေးခေါ်တတ်အောင် အားထုတ်ကြရမည်ဖြစ်သည်။ ပုံစံတူ၊ အလွတ်ကျက်၊ ထပ်တူပြု၊ နည်းပေးလမ်းပြအားထုတ်မှုများကိုရှောင်ရှားပြီး ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုဖြင့် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းချင်ပါသည်။

သို့ဖြစ်ရာ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြမည့် ကျောင်းသား ကျောင်းသူများသည် အဆင့်မြင့်ပညာရပ်များကို အခက်အခဲမရှိဘဲ ဆက်လက်ဆည်းပူးနိုင်ကြပြီး နိုင်ငံကိုတည်ဆောက်မည့် အတွေးအခေါ်ရှင်များ၊ တီထွင်ဖန်တီးသူများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါသည်။ ။

# တစ်တိုင်းပြည်လုံး ပျံ့နှံ့နေသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ထွန်းကားအောင် ဆောင်ရွက်နိုင်လျှင် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်



**နေပြည်တော် ဩဂုတ် ၁၇**

တစ်တိုင်းပြည်လုံး ပျံ့နှံ့နေသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs) တိုးတက်ထွန်းကားလာအောင် ဆောင်ရွက်နိုင်လျှင် တိုင်းပြည်၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် SMEs ကို အခြေတည်ပြီး နှစ်စဉ် ပံ့ပိုးမှုများလည်း ပြုလုပ်သွားကြရမည် ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ နေပြည်တော်ကောင်စီဝင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများနှင့် (၄/၂၀၁၇) ကြိမ်မြောက် လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက (MADB)အနေဖြင့် သက်ဆိုင်ရာ ပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်း၍ ချေးငွေထုတ်ချေးမှုများအပြင် Two Step Loans များကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကို စက်မှုလယ်ယာကဏ္ဍအသွင်ပြောင်းလဲနိုင်ရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လယ်ယာသုံး စက်ကိရိယာများကို ချေးငွေများဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အမှန်တကယ်လိုအပ်သည့် တောင်သူလယ်သမားများ၊ အမှန်တကယ်လုပ်ကိုင်နိုင်သည့်သူများထံ ရောက်ရှိရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကူညီပံ့ပိုးမှုများလည်း လိုအပ်ကြောင်း။

စီးပွားရေးမူဝါဒ တစ်ခုချင်းစီ၏ အောက်တွင်လည်း လုပ်ဆောင်ကြရမည့် Implementation Mechanism ကိုလည်း ချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ အခက်အခဲ၊ အတားအဆီးများ ရှိသော်လည်း မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ခိုင်မာသော ယုံကြည်ချက်၊ မှန်ကန်သော နည်းလမ်းများဖြင့် အဆင့်အလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အလုပ်အကိုင်မရှိသူများကို စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်လာအောင် ဖန်တီးပေးနိုင်လျှင် အလုပ်လက်မဲ့နှုန်းလည်း ကျဆင်းသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ရုံးခွဲများကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် ဖွဲ့စည်းပြီးဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ အနေဖြင့်လည်း မိမိတို့ဆီတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီပံ့ပိုးမှုများ အတတ်နိုင်ဆုံး ပြုလုပ်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်တို့က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ စီးပွားရေးဝန်ကြီးများက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ရသုံးမှန်းခြေငွေစာရင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ အခွန်ကောက်ခံရရှိမှု၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရက်သားအရွယ် တောဆင်ငယ်တစ်ကောင်ကိုကယ်ဆယ်ထားရှိ



**နေပြည်တော် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းများ၊ ချောင်းသာနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဆိပ်ကြီးကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့နယ် ချောင်းသာကြိုးဝိုင်း ဖိုးလွှန်းချောင်းရှိ ရေစီးကြောင်း ကျောက်ဆောင်ကြားတွင် ညပ်၍ နွံနစ်နေသော ရက်သားအရွယ် တောဆင်ငယ်တစ်ကောင်ကို သွားရောက် ကယ်ဆယ်၍ ငလိန်တလည်ရွာတွင် ခေတ္တပြုစုထိန်းသိမ်းထားရှိကြောင်း သိရသည်။

ယင်းနေ့ ညနေ ၅ နာရီခွဲတွင် တောဆင်ငယ်ကလေး၏ မိခင် ဆင်မပါဝင်သည့် တောဆင်ရိုင်းများဆင်ငယ်နောက်သို့ လိုက်လာသည့် အသံများကြားနေရသဖြင့် မြန်မာ့သစ်လုပ်ငန်းနှင့် ညှိနှိုင်း၍ မိခင်ဆင်အုပ်ထံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်(ရွှေဈေး) ၉၁၆၀၀၀ - ၉၁၆၀၀၀ မန္တလေး(ရွှေဈေး) ၉၁၆၀၀၀ - ၉၁၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၅/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၀/၆၈၀ ကျပ်၊ | ၇၀၀/၇၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀/၆၆၀ ကျပ်


**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၃. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃. ၅၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၉၅၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၃၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၂၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၇. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၈၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၀. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉. ၄၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
သတင်းထောက်မှူး - ဦးဌေးအောင်
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
မှတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
themirror.npt@gmail.com
www.facebook.com/themirrordaily

# တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့မှုအခြေအနေများ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၇**
တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့(EU)တို့အကြားနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာများနှင့် တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုများအပေါ် ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်း

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် တစ်ပေခန့်နှင့် ကသာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဟုမ္မလင်းမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် တစ်ပေခွဲခန့်နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် ပေဝက်ခန့်နှင့် မော်လိုက်မြို့တွင် တစ်ပေခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**
မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း Maha Land Business Centre ရှိ အမှတ်(၅၆) ၅-လွှာ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် စင်ကာပူနိုင်ငံအခြေစိုက် မက္ကဆီကိုသံရုံးမှ သံအမတ်ကြီး H.E. Mr. Nathan Wolf တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သံအမတ်ကြီး H.E. Mr. Nathan Wolf နှင့် မက္ကဆီကို ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးစစ်တိုင်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ကောင်စစ်ဝန်ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ Melia Yangon Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ သံအမတ်ကြီး H.E. Mr. Nathan Wolf နှင့် မက္ကဆီကို ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးစစ်တိုင်းအောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သံအမတ်ကြီး H.E. Mr. Nathan Wolf က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးတို့အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

မြန်မာနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၇၆ ခုနှစ်မှ စတင်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ရန်အပြင် မြန်မာနိုင်ငံရှိ မက္ကဆီကိုနိုင်ငံသားများကို ကူညီစောင့်ရှောက်ပေးရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် မက္ကဆီကိုနိုင်ငံသားများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံးကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**






# နယ်စပ်ရေးရာဝန်ကြီးဌာနက တနိုင်းနှင့် နမ္မတူဒေသရှိ ခေတ္တတိမ်းရှောင်မိသားစုများအား ဆန်၊ ဆီ၊ ဆား၊ ပဲများ ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၇**
နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ကချင်ပြည်နယ် တနိုင်းဒေသအတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ စခန်းအသီးသီးသို့ ခေတ္တတိမ်းရှောင် နေထိုင်ကြသော တိုင်းရင်းသားမိသားစုဝင်များအတွက် ငွေကျပ် ၅၈ သိန်း တန်ဖိုးရှိ ရိက္ခာဆန်၊ ဆီ၊ ဆား၊ ပဲများကို ယနေ့ညနေပိုင်းတွင် တနိုင်းဒေသမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ဩဂုတ် ၁၅ ရက်တွင် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး)မှ ဒေသကြီးကြပ်ရေးမှူး ဦးမောင်မောင်နိုင်သည် နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံပွင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်တို့နှင့်အတူ နမ္မတူဒေသရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တတိမ်းရှောင်နေထိုင်ကြသည့် စခန်းများဖြစ်သော ရွှေမြင်သာ ဘုန်းတော်ကြီးကျောင်း(ကြူဆော့)စခန်း၊ လီဆူးဘုရားရှိခိုးကျောင်းစခန်း၊ ကချင်နှစ်ခြင်းဘုရားရှိခိုးကျောင်းစခန်းတို့သို့ သွားရောက်၍ ရိက္ခာဆန်၊ ဆီ၊ ဆား၊ ပဲများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခန္တီးမြို့နယ် ရေဘေးရှောင်စခန်းများသို့ ဆန်နှင့် အစားအစာများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ဩဂုတ် ၁၅ ရက်တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး ခန္တီးမြို့ရှိ ကျေးရွာ ၁၆ ရွာ၊ ရပ်ကွက် သုံးခုမှ အိမ်ထောင်စု ၅၄၅ စု၊ စုစုပေါင်းလူဦးရေ ၂၅၀၀ သည် နေအိမ်များမှစွန့်ခွာပြီး ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ အဆိုပါ ရေဘေးရှောင်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ဆန်အိတ် ၆၀၀၊ ဆီ ၁၅ ပီပါ၊ ဆားပိဿာချိန် ၅၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀၀ ကို ဩဂုတ် ၁၇ ရက်တွင် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖောင်ဒေးရှင်းသည် ယခင်နှစ်များက ဖြစ်ပွားခဲ့သော ရေဘေးများအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ယခုနှစ်အတွင်း ဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက် ကာကွယ်ရေးပစ္စည်းများနှင့် ငွေကြေးများကို လှူဒါန်းခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်း၊ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန် ဆောင်ရွက်ခြင်း၊ လူငယ်များအတွက် ပညာရေးပံ့ပိုးခြင်း၊ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့တွင် လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝဝဝ)**



# ပြုံယမ်းအပေါ် စစ်ရေးအရလက်တုံ့ပြန်မှုများပြုလုပ်ရန် ဆွေးနွေးမှုအပေါ် တရုတ်ကန့်ကွက်



**ပေကျင်း ဩဂုတ် ၁၇**

မြောက်ကိုရီးယားနျူကလီးယားအရေးနှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံအနေဖြင့် စစ်ရေးခြိမ်းခြောက်မှုများ ပြန်လည်လက်တုံ့ပြန်ရန် ဆွေးနွေးညှိနှိုင်းမှုအပေါ် တရုတ်ကာကွယ်ရေး ထိပ်တန်းအရာရှိတစ်ဦးက ပယ်ချခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံဗဟိုကာကွယ်ရေးကော်မရှင် ဒုတိယအကြီးအကဲ ဖန်ချန်လောင်းက မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်ဖော့ဒ်နှင့် ဩဂုတ် ၁၇ ရက်တွင် ပေကျင်း၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ပယ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနျူကလီးယားအရေးနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုဖြင့်သာ အဖြေရှာစေလိုကြောင်းနှင့် စစ်ရေးနည်းလမ်းဖြင့် အဖြေရှာရန်အတွက်ကို ကန့်ကွက်ပါကြောင်း တရုတ်နိုင်ငံဗဟိုကာကွယ်ရေးကော်မရှင် ဒုတိယအကြီးအကဲ ဖန်ချန်လောင်းက အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်ဖော့ဒ်နှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနကဆိုသည်။

အမေရိကန်၏ နည်းပညာမြင့် ဒုံးခွင်းဒုံး (THAAD) များကို တောင်တရုတ်ပင်လယ်တွင် တပ်ဖြန့်ချထားမှုနှင့် တောင်တရုတ်ပင်လယ်ရှိ တရုတ်နိုင်ငံ၏ ကျွန်းတုအနီးတွင် အမေရိကန်စစ်သင်္ဘောများ တပ်ဖြန့်ချထားမှုသည် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေပါကြောင်း ဖန်ချန်လောင်းက ပြောကြားခဲ့သည်။

ထိုကဲ့သို့သော လုပ်ရပ်များသည် တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံ၏ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရာတွင် အခက်အခဲများစွာဖြစ်စေကြောင်း ဖန်ချန်လောင်းက ဆိုသည်။

အမေရိကန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား အခြေအနေအရပ်ရပ်အပေါ် လွှမ်းခြုံကာ ကောင်းမွန်သော ဆက်ဆံရေးနည်းလမ်းများအသုံးပြုပြီး အပြန်အလှန်ယုံကြည်မှုရရှိစေရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် နှစ်နိုင်ငံတပ်မတော်များအကြား ဆက်ဆံရေးကောင်းမွန်မှုရရှိရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်ဖော့ဒ်က ပြန်လည်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ဗင်နီဇွဲလားနိုင်ငံတွင် တိရစ္ဆာန်ဥယျာဉ်တွင်းမှ တိရစ္ဆာန်များ ခိုးယူခံရ

**မာရာကေဘို(ဗင်နီဇွဲလား) ဩဂုတ် ၁၇**

ဗင်နီဇွဲလားနိုင်ငံအနောက်ပိုင်း ဇူလီယာပြည်နယ်ရှိ တိရစ္ဆာန်ဥယျာဉ်တစ်ခုတွင် တိရစ္ဆာန်များခိုးဝှက်ခံရသည့် ဖြစ်ရပ်များ ပေါ်ပေါက်နေခြင်းနှင့်ပတ်သက်၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း၊ ယင်းတိရစ္ဆာန်များကို ချက်ပြုတ်စားသောက်ရန်အတွက် ခိုးယူခြင်းဖြစ်ဖွယ်ရှိပြီး ပြည်သူများတွေ့ကြုံနေရသည့် ကာလရှည်စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုကို ထင်ဟပ်ပြသသော လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကိုလံဘီယာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဇူလီယာပြည်နယ် မာရာကေဘိုမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင်လည်းပတ်များတပ်ဆင်ထားသည့် အမွေးထူတောဝက်နှစ်ကောင်သည် လွန်ခဲ့သည့်ရက်သတ္တပတ်ကုန်ပိုင်းက ခိုးယူခံခဲ့ရကြောင်း ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

အမွေးထူတောဝက်နှစ်ကောင်ကို အမဲဖျက်စားသောက်ရန် ရည်ရွယ်ချက်ဖြင့် ခိုးယူသွားခဲ့သည်ဟု မိမိတို့ထင်မြင်ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိ ယူးရစ်မော်ရဲလ်စ်က သတင်းထောက်များအား ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံတွင် ဆိုရှယ်လစ်စီးပွားရေးစနစ် ပုံစံပြိုလဲခြင်းကြောင့် နိုင်ငံတွင်း၌ စားနပ်ရိက္ခာရှားပါးပြတ်လပ်မှု ကာလရှည်ကြာစွာ ဖြစ်ပေါ်ရကြောင်း သတင်းတွင် ဖော်ပြသည်။

အတိုက်အခံဆန္ဒပြသူများက လမ်းများ၊ အဝေးပြေးလမ်းမများနှင့် နယ်စပ်များကို ပိတ်ဆို့ထားမှုကြောင့် စားနပ်ရိက္ခာပြတ်လပ်မှု ဖြစ်ပေါ်ရသည်ဟု ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုက ပြစ်တင်ပြောကြားခဲ့သည်။ မိမိတို့နိုင်ငံအား စီးပွားရေးစစ်ပွဲအတွင်းသို့ တွန်းပို့ပေးနေသူများမှာ အမေရိကန်၏ အကူအညီကို ရရှိနေသည့် မိမိတို့၏ရန်သူများဖြစ်ကြကြောင်း သမ္မတမာဒူရိုက ဝေဖန်ပြောကြားခဲ့သည်။

**ရိုက်တာ။**





# မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများပြန်လည်ကျင်းပနိုင်ရေး တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်း တိုက်တွန်းပြောကြား

**ဆိုးလ် ဩဂုတ် ၁၇**

ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ(မြောက်ကိုရီးယား)နှင့် ဆွေးနွေးပွဲများပြန်လည်ကျင်းပနိုင်ရေးအတွက် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက ဩဂုတ် ၁၇ ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

ကိုရီးယားကျွန်းဆွယ်၌ စစ်ရေးတင်းမာမှု ပြေလျော့သည့်လက္ခဏာများပြသလျက်ရှိစဉ် သမ္မတမွန်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးပွဲပြန်လည်ကျင်းပသင့်ကြောင်း၊ သို့ရာတွင် ဆွေးနွေးပွဲကို ကတိုက်ကရိုက်ပြုလုပ်ရန် လိုအပ်မည်မဟုတ်ကြောင်း သမ္မတမွန်းက သမ္မတတာဝန်ထမ်းဆောင်မှုရက် ၁၀၀ ပြည့် အထိမ်းအမှတ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပြီး ယင်းသတင်းစာရှင်းလင်းပွဲကို နိုင်ငံတစ်ဝန်းသို့ ရုပ်မြင်သံကြားမှ တစ်ဆင့် ထုတ်လွှင့်ပြသခဲ့သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလပတ်လုံး ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲများ ရပ်ဆိုင်းနေခဲ့ရကြောင်း ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပြီး အချိန်ယူဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း သမ္မတမွန်းက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလပတ်လုံး ကွန်ဆာဗေးတစ်အစိုးရအဖွဲ့များ အုပ်စိုးစဉ် ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ခြင်းမရှိပေ။ မြောက်ကိုရီးယားက နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ခြင်းနှင့် ပဲ့ထိန်းဒုံးကျည်သုတေသနပြုတည်ဆောက်ခြင်းတို့ကို အကြောင်းပြု၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ရပ်ဆိုင်းသွားခဲ့ရသည်။

နှစ်နိုင်ငံဆွေးနွေးပွဲများကို ပြန်လည်ကျင်းပနိုင်ရေးအတွက် မြောက်ကိုရီးယားဘက်မှ ရန်စလှုံ့ဆော်မှုများ ထပ်မံပြုလုပ်ခြင်းမှ ရှောင်ရှားရန် လိုအပ်မည်ဖြစ်ကြောင်း သမ္မတမွန်းက ပြောကြားသည်။

ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်လာစေရန်နှင့် ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားလက်နက်ကင်းမဲ့သော ဇုန်အဖြစ် ရပ်တည်နိုင်စေရေးအတွက် အထောက်အကူပြုမည်ဆိုလျှင် မြောက်ကိုရီးယားသို့ အထူးသံတမန်တစ်ဦးအား စေလွှတ်နိုင်ရေးကိစ္စကို မိမိအလေးအနက်ထား စဉ်းစားမည်ဖြစ်ကြောင်း သမ္မတမွန်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ။**

# ကျူးဘား၏ အကြီးဆုံးသော ကုန်သွယ်ဖက်အဖြစ် တရုတ်နိုင်ငံ ရပ်တည်

**ဟာဗားနား ဩဂုတ် ၁၇**

၂၀၁၆ ခုနှစ်သည် တရုတ်နိုင်ငံအတွက် ကျူးဘားနိုင်ငံ၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်နိုင်သော နှစ်တစ်နှစ်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့်ကျူးဘား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၈၅ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ကျူးဘားစာရင်းအင်းဌာန(အိုအင်န်အီးအိုင်)၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံနှင့် ကျူးဘားနိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေးဆက်ဆံမှုမြင့်မားတိုးတက်နေကြောင်း၊ ကျူးဘားနိုင်ငံသည် လွန်ခဲ့သည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂၈ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများကို တရုတ်နိုင်ငံမှ တင်သွင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၅၇ သန်းတန်ဖိုးရှိ ကုန်ပစ္စည်းများကို တင်ပို့ခဲ့ကြောင်း ကျူးဘားစာရင်းအင်းဌာနက ပြောကြားသည်။

နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အပြန်အလှန်ကုန်သွယ်မှုအရ ကျူးဘားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံဖြစ်လာကြောင်း ကျူးဘားသတင်းစာ ဂျူဗင်းတူရီဘယ်လ်ဒီက ရေးသားဖော်ပြသည်။

ကျူးဘား၏ အစဉ်အလာအရ တည်ရှိခဲ့သော ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် ဗင်နီဇွဲလားနိုင်ငံကို တရုတ်နိုင်ငံက ကျော်တက်ကာ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လာခြင်းဖြစ်သည်။

ဗင်နီဇွဲလားနှင့်ကျူးဘား ကုန်ပစ္စည်းအရ ကုန်သွယ်မှုသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ၂၂၄ ဘီလီယံသို့ ၇၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံရှိခဲ့ကြောင်း ကျူးဘားစာရင်းအင်းဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ် နှာဟရိန်(က)ကျေးရွာအုပ်စုအား ရပ်ကွက် (၂)ရပ်ကွက်ပါဝင်သော နှာဟရိန်မြို့အဖြစ်လည်းကောင်း၊ မင်းတပ်ခရိုင် မင်းတပ်မြို့နယ် မတူပီအိမ်နူးကျေးရွာအုပ်စုအား ရပ်ကွက် (၄)ရပ်ကွက်ပါဝင်သော မတူပီအိမ်နူးမြို့အဖြစ်လည်းကောင်း၊ ဟားခါးခရိုင် ဟားခါးမြို့နယ်ရှိ ရပ်ကွက်(၆)ရပ်ကွက်ကို ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ရပ်ကွက်(၂)ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်ရှိ ထင်းစင်ကျေးရွာအုပ်စုရှိ တိန်းကယား(မြန်မာ)ကျေးရွာနှင့် တိန်းကယား(ချင်းရွာ)တို့ကို ကျေးရွာ(၂)ရွာကို စုစည်းပြီး တိန်းကယားကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၄ ခုနှစ်တွင် စတုတ္ထအကြိမ် ပြင်ဆင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ထပ်မံပြင်ဆင်ခဲ့ပါကြောင်း၊ ယခုတင်ပြသည့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပယ်ဖျက်ခြင်း ၁၇ ရပ်၊ စကားရပ်အစားထိုးခြင်း ၇ ရပ်နှင့် အစားထိုးပြင်ဆင်ခြင်း ၁၀ ရပ်ပါဝင်ပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်လိုခြင်း၏ အကြောင်းအရင်းများမှာ ပြည်တွင်းအခွန်များ ဦးစီးဌာန အနေဖြင့် တန်ဖိုးဖြည့်အခွန်စနစ်သို့ မကြာမီကာလအတွင်း ဥပဒေရေးဆွဲ ပြောင်းလဲဆောင်ရွက်ကျင့်သုံးရန်ရှိခြင်း၊ အခွန်စနစ်ထိရောက်ကောင်းမွန်စေပြီး ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိစေရန်အတွက် အခွန်စီမံခန့်ခွဲမှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းကျင့်သုံးနိုင်ရန် ဥပဒေကြမ်းတစ်ရပ်ရေးဆွဲ ဆောင်ရွက်လျက်ရှိခြင်းတို့ကို အထောက်အကူဖြစ်စေရန်ဖြစ်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် တပ်ရိုက်သည့်ဒဏ်သည် ထိရောက်ဟန့်တားနိုင်သည့် ပြစ်ဒဏ်ဖြစ်ရေး၊ ပျက်ကွက်မှုအမျိုးအစားအလိုက် သင့်လျော်သည့် ဒဏ်တပ်ရိုက်မှုဖြစ်ရေး၊ ဥပဒေပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အခွန်ဆိုင်ရာမက်လုံးပေးမှုများအဖြစ် ချီးမြှင့်မှုများ ပြုလုပ်နိုင်ရန် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းပေးနိုင်ရေးတို့အတွက် ပြင်ဆင်လိုခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်အယူခံခုံဥပဒေကြမ်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဇူလိုင်လ ပထမ(မူကြမ်း)မှ ပဥ္စမ(မူကြမ်း)အထိ အဆင့်ဆင့်ရေးဆွဲပြုစုခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ကာ အကြံပြုချက်များကိုလည်း ရယူဆောင်ရွက်ခဲ့ပါကြောင်း။

ဥပဒေကြမ်း၌ နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုဖြစ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကိုရရှိရန်၊ နိုင်ငံသားနှင့် အခွန်ထမ်းများသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးရရှိရန်နှင့် နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆပ်ရာ၌ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရန်ဆိုသည့် ရည်ရွယ်ချက်ပါဝင်ပါကြောင်း။

ယခု ဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ပါက ပြည်သူများဥပဒေပါ အခွင့်အရေးများကို အပြည့်အဝ ရရှိခံစားနိုင်စေရန် တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# တရားမဝင် ရောင်းဝယ်ပို့ဆောင်ခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြင်ပသို့ရောက်ရှိမသွားရအောင် ကာကွယ်ထိန်းသိမ်းရမည်

**နေပြည်တော် ဩဂုတ် ၁၇**

ယူနက်စကို၏ ၁၉၇၀ ယဉ်ကျေးမှုဝတ္ထုပစ္စည်းကို တရားမဝင်ကုန်ကူးခြင်းအား တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်စပ်ဥပဒေများအား ပေါင်းစပ်ညှိနှိုင်းရေး အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ပူးပေါင်းကာ ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြတိုက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားရာတွင် မြန်မာ့မူရင်းရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်းသည် နိုင်ငံအတွက် အရေးကြီးကဏ္ဍတစ်ရပ်ဖြစ်ပြီး တရားမဝင် ရောင်းဝယ်ပို့ဆောင်ခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြင်ပသို့ရောက်ရှိ မသွားရအောင် ကာကွယ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ၁၉၇၀ ယူနက်စကိုကွန်ဗင်းရှင်းတွင်လည်း မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ကွန်ဗင်းရှင်းပါ အချက်အလက်များနှင့်အညီ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာများကို အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ပြဋ္ဌာန်း၍ မြန်မာတစ်မျိုးသားလုံး၏ အမွေအနှစ်ဖြစ်သည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ ယခုတက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနဆိုင်ရာများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ တစ်ဖက်နိုင်ငံများသို့ တရားမဝင်ရောင်းချခြင်း၊ ပို့ဆောင်ခြင်းများ မရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ကာကွယ်ထိန်းသိမ်းရာတွင် ထိရောက်မှု၊ ဆက်စပ်မှုရှိစေရေး ဆွေးနွေးဖြည့်စွက်ပေးစေလိုပါကြောင်း ပြောကြားသည်။



အစည်းအဝေးတွင် UNESCO မှ Mr.Etienne Clement, Expert on International Laws က ၁၉၇၀ ခုနှစ် ကွန်ဗင်းရှင်းနှင့်ပတ်သက်၍ UNESCO ၏ ဆောင်ရွက်လျက်ရှိသည့်အချက်များ၊ ဆက်လက်ဆောင်ရွက်ရန်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ အစည်းအဝေးတက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများကလည်း မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း ဆွေးနွေးကြသည်။ ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆက်လက်ဆောင်ရွက်ရန် အချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဗြိတိန်သံရုံးတို့ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဗြိတိန်သံရုံးတို့ ပူးပေါင်း၍ "Workshop on Striking a Right Balance between Freedom of Expression and Hate Speech" အမည်ရှိ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်တွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်ထွန်းနှင့် ရန်ကုန်မြို့ရှိ ဗြိတိန်သံရုံး၏ သံရုံးယာယီတာဝန်ခံ Mr.David Hall တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် လွတ်လပ်စွာပြောဆိုမှု၊ အမုန်းစကား ကာကွယ်တားဆီးမှုတို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာစံနှုန်းများ၊ အမုန်းစကား ကာကွယ်တားဆီးရေးအတွက် နိုင်ငံများ၌ ပြည်တွင်းဥပဒေပြု ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မှူးခင်းကျဆင်းရေးနှင့် စခန်းမှူးလုပ်ငန်းအရည်အသွေးမြင့်မားစေရန် ရည်ရွယ်၍ နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် စခန်းမှူးလုပ်ငန်းခွင်မွမ်းမံသင်တန်း(၁/၂၀၁၇)ကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ဩဂုတ် ၁၄ ရက်တွင်ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးက သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။**

(ကိုကိုနေ)

# သစ်ခွဒီပလိုမေစီနှင့် အနာဂတ်မျှော်မှန်းချက်

## မင်းသိမ်း(နေပြည်တော်)

စင်ကာပူသမ္မတနိုင်ငံရှိ အမျိုးသားကွန်ပျူတာကုမ္ပဏီ (National Computer System -NCS)နှင့် စင်ကာပူစည်ပင်သာယာရေးရုံး (Singapore Municipal Service Office M.S.O)များရဲ့ e-government အခြေပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို လေ့လာဖို့ City Capital Development (CCD)Co.,Ltdရဲ့ အထောက်အပံ့နဲ့ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များအပါအဝင် ကိုယ်စားလှယ် ကိုးဦးပါ အဖွဲ့ဟာ (၁၁. ၇. ၂၀၁၇)ရက်နေ့မှာ စင်ကာပူသမ္မတ နိုင်ငံသို့ စတင်ထွက်ခွာခဲ့ပါတယ်။

စာရေးသူအနေနဲ့ စင်ကာပူသမ္မတနိုင်ငံကို ယခု အကြိမ်အပါအဝင် နိုင်ငံ့ဝန်ထမ်းဘဝနဲ့ လေးကြိမ် ရောက်ခဲ့ ပါတယ်။ တစ်ကြိမ်နဲ့တစ်ကြိမ် ထူးခြားမှု၊ တိုးတက်မှု၊ စည်းကမ်းလိုက်နာမှု၊ တီထွင်ဆန်းသစ်မှု၊ ကြိုးစား အားထုတ်မှုတွေကို မြင်တွေ့ရလို့ စင်ကာပူနိုင်ငံရဲ့ အကြောင်းကို စိတ်ဝင်စားလာခဲ့ပါတယ်။ ဆောင်းပါး ဖတ်မိသူ စာဖတ်ပရိသတ်အပေါင်း ဗဟုသုတရစေလို သော စိတ်စေတနာအပြင် e-government စနစ်ရဲ့ ထိရောက်သောဝန်ဆောင်မှုပေးနိုင်မှုတွေကို သိစေလို သောအတွေးနဲ့ ဤဆောင်းပါးကို ရေးသားဖော်ပြရခြင်း ဖြစ်ပါတယ်။

တကယ်တော့ စင်ကာပူသမ္မတနိုင်ငံဟာ မလေးရှား ပြည်ထောင်စုကနေ ၁၉၆၅ ခုနှစ် ဩဂုတ် ၉ ရက် မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ထူထောင်ခဲ့တဲ့ နိုင်ငံငယ်လေးဖြစ်သလို မလေးရှား ပြည်ထောင်စု၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့ ဝန်းရံလျက်ရှိတဲ့ ကျွန်းစု နိုင်ငံငယ်လေးပဲဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး မိုးရွာ သွန်းမှုကြောင့် စွတ်စိုမှုမြင့်မားတဲ့နိုင်ငံဖြစ်ပြီး တရုတ် လူမျိုး အများစုနေထိုင်ကာ ဒုတိယအများဆုံးမှာ မလေးလူမျိုးဖြစ်ပြီး အိန္ဒိယနဲ့ အခြားလူမျိုးများလည်း နေထိုင်ကြပါတယ်။ ခြသေ့မြို့တော်လို့ အဓိပ္ပာယ်ရတဲ့ စင်ကာပူမြို့တော်ဟာ အပြည်ပြည်ဆိုင်ရာလေကြောင်း နဲ့ ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ အချက်အချာ ကျတဲ့ဒေသမှာရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးလောကမှာ အရေးပါတဲ့ မြို့ကြီးတွေအနက် တစ်မြို့အပါအဝင် ဖြစ်ပါတယ်။ ကမ္ဘာ့ရဲ့ ပဥ္စမမြောက်နဲ့ အာရှတိုက်ရဲ့ ဒုတိယမြောက် အကြီးဆုံးဆိပ်ကမ်းကို ပိုင်ဆိုင်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ စူးအက်တူးမြောင်းမှတစ်ဆင့် ပင်လယ်ကူးသင်္ဘောများ လာရောက်ဆိုက်ကပ်ခြင်း ကြောင့် စင်ကာပူကျွန်းဟာ တစ်နေ့တခြားပိုမိုကြွယ်ဝ ချမ်းသာလာခဲ့ပါတယ်။ ဆိပ်ကမ်းသုံးပစ္စည်းများ ပြည့်စုံ တဲ့အပြင် ကုန်သေတ္တာတင်ပို့မှု လွယ်ကူမြန်ဆန်တဲ့ အတွက် အရှေ့တောင်အာရှမှာ စီးပွားရေးအရ အရေးပါ တဲ့ နိုင်ငံဖြစ်လာခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သလို နေသဟာယအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)ကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားတို့နဲ့အတူ စတင်တည်ထောင်ခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ အစိုးရကျောင်း၊ အစိုးရအထောက်အပံ့ခံကျောင်းနဲ့ စက်မှုအမျိုးသား တက္ကသိုလ်၊ နန်ယန်တက္ကသိုလ်၊ ဆရာအတတ်သင် ကျောင်း၊ ပုဂ္ဂလိကပိုင်နိုင်ငံရပ်ခြား ကောလိပ်တွေနဲ့ စင်ကာပူစက်မှုလက်မှုအတတ်သင်ကျောင်းတွေ ဖွင့်လှစ် ထားသလို ကျန်းမာရေးနဲ့ပတ်သက်လို့လည်း အစိုးရ ဆေးရုံတွေမှာ အခမဲ့ကုသပေးပြီး အခကြေးငွေပေးရတဲ့ အထူးခန်းများလည်း ရှိပါတယ်။ အစိုးရဆေးရုံ ၂၈ ရုံ၊ ပုဂ္ဂလိကဆေးရုံနဲ့ အစိုးရအထောက်အပံ့ခံ ဆေးခန်းကြီး များလည်း ရှိပါတယ်။ ဝန်ဆောင်မှုအမြင့်ဆုံးနိုင်ငံများ မှာ ပါဝင်ပြီး ပြည်သူတိုင်းစိတ်ချမ်းမြေ့စွာ ကုသ စောင့်ရှောက်ခွင့်ကို ရကြပါတယ်။

မိမိတို့လေ့လာရေးအဖွဲ့ စင်ကာပူသမ္မတနိုင်ငံသို့ ရောက်ရှိတဲ့ ညနေပိုင်းမှာပင် စင်ကာပူရက္ခဗေဒ ဥယျာဉ် (Singapore Botanic Garden)သို့ ရောက်ရှိ ခဲ့ပါတယ်။ ၁၈၅၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး လွတ်လပ်ရေးရပြီးစကာလ စင်ကာပူသမ္မတနိုင်ငံရဲ့






စိမ်းလန်းစိုပြည်ရေးအခန်းကဏ္ဍမှာ အဓိကကျခဲ့ပါတယ်။ နှစ်ရှည်ပင်အမျိုးပေါင်း ၄၀၀၀ ကျော်အပါအဝင် မျိုးခွဲ ပေါင်း နှစ်သိန်းခွဲခန့်ရှိပါတယ်။ ဥယျာဉ်အတွင်း ရက္ခဗေဒနဲ့ ပတ်သက်တဲ့ စာကြည့်တိုက်လည်း ဖွင့်လှစ်ထားပါတယ်။ ရက္ခဗေဒဥယျာဉ်အတွင်း ကမ္ဘာ့နံပါတ်တစ် စီးပွားဖြစ် သစ်ခွဥယျာဉ်ကိုလည်း တွေ့ခဲ့ရပါတယ်။ သစ်ခွအမျိုးပေါင်း ၁၀၀၀ နဲ့ မျိုးစပ်သစ်ခွ ၂၀၀၀အပါအဝင် သစ်ခွအပင်ပေါင်း ၆၀၀၀၀ကျော်ကို ရှာဖွေစုဆောင်း စိုက်ပျိုးထားပါတယ်။ ဥယျာဉ်ကြီးရဲ့အတွင်းပိုင်းမှာရှိတဲ့ VIP Orchid Garden ဟာ နိုင်ငံတကာဆက်ဆံရေးမှာ အရေးပါသလို ကမ္ဘာ့ အရပ်ရပ်က နိုင်ငံ့အကြီးအကဲတွေ၊ ထင်ရှားကျော်ကြားသူ များရောက်ရှိစဉ် အသစ်ဖန်တီးထားတဲ့ သစ်ခွမျိုးစိတ် သစ်ပင်တွေကို ၎င်းတို့ရဲ့ အမည်နဲ့ မှည့်ခေါ်ထားခြင်းဟာ စင်ကာပူသမ္မတနိုင်ငံရဲ့ သစ်ခွဒီပလိုမေစီ (Singapore's Orchid Diplomacy) အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရှိခဲ့ပါတယ်။

ဒါကြောင့်လည်း ရက္ခဗေဒဥယျာဉ်ကြီးကို ကမ္ဘာ့အမွေ အနှစ်ကော်မတီက ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့ အမွေအနှစ်ဒေသ (World Heritage Site) အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြု အမည်ပေးထားတဲ့ Papilionad (Aung San Suu Kyi)သစ်ခွအပါအဝင် လေးစားဂုဏ်ယူဖွယ်ရာ ပုဂ္ဂိုလ် ၁၀၀ ကျော်အား ဂုဏ်ပြုထားတဲ့ သစ်ခွမျိုးများကိုလည်း တွေ့ရှိခဲ့ရပါတယ်။

လေ့လာရေးအစီအစဉ်အရ စင်ကာပူအမျိုးသား ကွန်ပျူတာကုမ္ပဏီ (National Computer System-NCS)သို့ ရောက်ရှိစဉ် စင်ကာပူနိုင်ငံရဲ့ e-government စနစ်မှာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံနဲ့ ဆက်လက်ဆောင်ရွက်မယ့် အဆင့်မြင့်နည်းပညာကို သိရှိခဲ့ရပါတယ်။ ၁၉၈၁ ခုနှစ် e-government စနစ် ကူးပြောင်းခါစကတည်းက စင်ကာပူသမ္မတနိုင်ငံအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ခိုင်မာတဲ့ကုမ္ပဏီတစ်ခုပဲ ဖြစ်ပါ တယ်။ စင်ကာပူသမ္မတနိုင်ငံမှာ နံပါတ် (၁) နေရာက ရပ်တည်ပြီး အာရှ-ပစိဖိတ်ဒေသတစ်ခုလုံးမှာတော့ နံပါတ် ၁၁ နေရာက ရပ်တည်နေပါတယ်။ ဝန်ထမ်းအင်အား ၈၀၀၀ ကျော်ရှိပြီး ၆၀၀၀ ကျော်ဟာ စင်ကာပူသမ္မတနိုင်ငံမှာ တာဝန်ထမ်းဆောင်ပြီး ကျန် ၂၀၀၀ကျော်ဟာ နိုင်ငံအနှံ့မှာ ပျံ့နှံ့လုပ်ကိုင်လျက်ရှိပါတယ်။ စင်ကာပူသမ္မတနိုင်ငံရဲ့ Smart Nation တည်ဆောက်ရာမှာ နိုင်ငံသားများနဲ့ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွေကို အဆင့်မြင့်မြင့်အသုံး ချမှုစနစ်များ ဖန်တီးရေးကို ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။ မြို့တော်အတွင်း လုံခြုံရေးကင်မရာတပ်ဆင်ခြင်း၊ အီလက်ထရွန်နစ်နည်းပညာနဲ့ လမ်းဖြတ်သန်းခ ကောက်ခံခြင်းစနစ် (Electronic Road Pricing System-ERP)၊ ခေတ်မီမြို့ပြအိမ်ရာစနစ်၊ စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဒစ်ဂျစ်တယ်မီးပွိုင့်စနစ်တွေကို NCS မှ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းဖြတ်သန်းခ ကောက်ခံမှုကို ဝန်ထမ်းများအသုံးပြု ပြေစာပေးကောက်ခံ စနစ်အစား ERPစနစ်နဲ့ ပြောင်းလဲထားခြင်းဖြစ်ပါတယ်။

ကောက်ခံလိုတဲ့ လမ်းမှာ Sensor တပ်ဆင်ပြီး လမ်း ကန့်လန့်ဖြတ်မှခ်ဦးဆောက်လုပ်ကာ မုခ်ဦးအောက်မှ ဖြတ်သန်းသည့်အခါ Credit Card မှ ငွေကိုအလို အလျောက်ဖြတ်ယူတဲ့နည်းစနစ် ဖြစ်ပါတယ်။ လူပါဝင်မှု မရှိလို့ အလေအလွင့်မရှိ တိကျတဲ့ ကောက်ခံမှုမျိုး ဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်မှာတော့ ERP ကနေ ERP-2 အဖြစ် မော်တော်ယာဉ်တွေမှာ In-Vehicle Unit လို့ခေါ်တဲ့ Sensor တစ်ခုကို ထည့်သွင်းတပ်ဆင်ထားပြီး မော်တော်ယာဉ်နဲ့ပတ်သက်တဲ့ ကိစ္စအဝဝကို စင်ကာပူ အစိုးရပိုင် ဂြိုဟ်တုတွေကတစ်ဆင့် ချိတ်ဆက်ဆောင် ရွက်ခြင်းပဲ ဖြစ်ပါတယ်။ မှန်ပေါက်ဝ မလိုတော့ဘဲ မောင်းတဲ့အကွာအဝေးပေါ် မူတည်ပြီး ကောက်ခံမှာဖြစ် ပါတယ်။ ကားရပ်နားချိန်အတွက်လည်း ဝယ်ယူထားတဲ့ Coupon အတွင်း ဖြစ်ရပါမယ်။ ခွင့်သတ်မှတ်ချိန် ကျော်လွန်သွားရင် ဒဏ်ရိုက်ခြင်းမျိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်မီးပွိုင့်စနစ် (Digital Traffic Red Light System)အရ မီးနီဖြတ်မောင်းခဲ့ရင် ဖြတ်သန်းတဲ့ ကားနံပါတ်နဲ့ ဖြတ်သန်းချိန်မိုင်နှုန်းပါ ဖတ် နိုင်တဲ့အတွက် မီးနီဖြတ်သန်းခြင်းနဲ့ Over Speed အတွက်ပါ ဒဏ်ကြေးပေးဆောင်ရတော့မှာ ဖြစ်ပါတယ်။ ကားရပ်နားရန်နေရာလွတ်ကျန်ရှိနေမှုကို ပြသထားတဲ့ Parking Location နဲ့ Lot Available Board တွေကို နေရာအနှံ့မှာတွေ့ရှိရလို့ ကားပိတ်ရပ်ခြင်းမျိုး မရှိနိုင် တော့တာကို တွေ့ခဲ့ရပါတယ်။ ဆေးရုံတွေမှာ လူနာတွေ ကို ဆေးဝါးထုတ်ပေးရာမှာလည်းအချိန် ကြာမြင့်စွာ စောင့်ဆိုင်းရန်မလိုဘဲ စေ့စပ်သေချာစွာနဲ့ ဆေးဝါးတွေ မှားယွင်းမှုမရှိအောင် စက်ရုပ်များဖြင့် အလို အလျောက် ဆေးဝါးတွေပေးတဲ့စနစ်ကို ဆောင်ရွက် ထားပါတယ်။

ဆက်လက်ပြီး အတွေ့အကြုံရင့် ပုဂ္ဂလိက စာရင်းစစ် ကုမ္ပဏီတစ်ခုဖြစ်တဲ့ S J Chung Co.,Ltd (Audit Firm)သို့ရောက်ရှိခဲ့ပါတယ်။ နိုင်ငံတော်စာရင်းစစ်ချုပ် က ကြီးကြပ်ကွပ်ကဲကာ ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်း တွေရဲ့ စာရင်းတွေကို အပ်နှံလာတဲ့အချိန်မှာ စစ်ဆေးပေးကြောင်း၊ စာရင်းစစ်ဆေးခြင်းလုပ်ငန်းရဲ့ ၇၀ ရာခိုင်နှုန်းလောက်ကို Manual စနစ်ဖြင့် စစ်ဆေး ကြောင်း၊ ICT နည်းပညာကို အသုံးပြု၍ နှစ်ပတ်လည် Audit Statement များအား အလွယ်တကူရှာဖွေ ပေးနိုင်ခြင်း၊ Final Result များ ထုတ်ပြန်ရာတွင် Format ချပြီးသားဖြစ်လို့ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ခြင်း၊ စာရွက်စာတမ်း (Document) များ လျှော့ချနိုင်ခြင်း၊ အချိန်ကုန် သက်သာခြင်းစတဲ့ အကျိုးကျေးဇူးရှိကြောင်း သိရှိခဲ့ရပါတယ်။

ဆက်လက်ပြီး အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန လက်အောက်ရှိ စင်ကာပူစည်ပင် သာယာရေးရုံး(Singapore Municipal Service Office -M.S.O)သို့ ရောက်ရှိပါတယ်။ ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းနဲ့ စည်ပင်သာယာရေးလုပ်ငန်း များအတွက် ပြည်သူလူထုရဲ့ သဘောထားနဲ့ ကြားသိရ ချက်အပေါ် အခြေပြုကာ ပြည့်စုံတဲ့အဆင့်မြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါ တယ်။ MSO အနေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကို ဆောင်ရွက်ရာမှာ အစိုးရအေဂျင်စီ (Government Agency) ၁၁ ခုနဲ့ မြို့နယ်ကောင်စီ (Town Council) ၁၆ ခုတို့ကို ပေါင်းစပ်ညှိနှိုင်းကွပ်ကဲပြီး ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကာ ပြည်သူ့ ဗဟိုပြုစနစ်နဲ့ ပြည်သူနဲ့ အစိုးရအေဂျင်စီ ၁၁ ခုကို ပေါင်းစပ်ညှိနှိုင်းပေးပြီး သန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ် များ၊ လမ်း၊ လူသွားစင်္ကြံနဲ့ ရေမြောင်းတွေ၊ ရေပေးဝေ ရေး၊ သစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်ရေးနဲ့ ကူးစက်တတ်တဲ့ ပိုးမွှားများအပါအဝင် တိရစ္ဆာန်များ ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူနဲ့ အစိုးရချိတ်ဆက်နိုင်ဖို့ OSSG စနစ် တည်ဆောက်ထားသဖြင့် ပြည်သူများ စည်ပင်သာယာ ရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ဝန်ဆောင်မှုရယူနိုင်ဖို့ အင်တာနက်၊ မိုဘိုင်းဖုန်းများမှ တစ်ဆင့် အလွယ်တကူ လျှောက်ထားနိုင်သလို လုပ်ငန်းဆောင်ရွက်မှုအပေါ် Feedback များ တိုက်ရိုက်ပေးပို့နိုင်တဲ့ စနစ်ကို ကျင့်သုံးထားပါတယ်။ One Service Mobile Application မှာ မှတ်ပုံတင်ထားသူဦးရေထက် Feedback က ပိုမိုရရှိထားသလို ပြီးပြတ်မှုမရှိသေးတဲ့ ကိစ္စရပ်များ မရှိစေရေး၊ စံချိန်စံညွှန်းမီရေးအတွက် အေဂျင်စီအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေပါ တယ်။ ပြည်သူလူထုရဲ့ မျှော်လင့်ချက်မြင့်မားပြီး ဝန်ထမ်းဦးရေ ကန့်သတ်ချက်ကြောင့် အခက်အခဲများ ရှိတန်သလောက်ရှိနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ အေဂျင်စီ တစ်ခုထက်ပို၍ ပေါင်းစပ်ဆောင်ရွက်ရမည့် ရှုပ်ထွေးသည့်ကိစ္စရပ်များ ပေါ်ပေါက်လာသည့်အခါ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ လုပ်ထုံးလုပ် နည်းများကို ထုတ်ပြန်ပေးပါတယ်။

ထူးခြားချက်တစ်ခုကတော့ အေဂျင်စီ ၁၁ ခုဟာ MSO ရဲ့လက်အောက်ခံမဟုတ်ဘဲ သီးခြားဝန်ကြီးဌာန တွေရဲ့ အောက်မှာပဲရှိပါတယ်။ သို့သော်လည်း အေဂျင်စီကဝန်ထမ်းတွေကို MSOမှာ အချိန်ကာလ တစ်ခုသတ်မှတ်ပြီး တွဲဖက်တာဝန်ထမ်းဆောင်စေပါ တယ်။ MSO ရဲ့ နေ့စဉ် ဆောင်ရွက်မှုအတွက် ဘဏ္ဍာ ငွေကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ချမှတ်ပေးပါတယ်။ သတ်မှတ်ပမာဏထက်ပို၍ လိုအပ် လာသည့်အခါ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြ တောင်းခံပါတယ်။ ဝန်ကြီးဌာနတွေအတွက် ဘတ်ဂျက် ကို ငါးနှစ်စာ ဘဏ္ဍာရေးဝန်ကြီးဌာနက ချမှတ်ပေး ပါတယ်။ Block Budget/ Set Budget ဟုခေါ်ပါတယ်။

စာမျက်နှာ ၇ သို့ ○

# YBS ၏ ဆင့်ကဲပြောင်းလဲမှုနှင့် စိန်ခေါ်မှုများ

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ကြီးကြပ်မှုဖြင့် Yangon Bus Service (YBS) စနစ်ကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် သက်တမ်းအားဖြင့် ခုနစ်လတာကာလအတွင်း ရောက်ရှိလာပြီဖြစ်သည်။

ယခင်ကမူ ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးကဏ္ဍကို မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မထသ)က နှစ်ပေါင်း ၅၀ ကျော်ကြာတာဝန်ယူဆောင်ရွက်ခဲ့သည်။ YBS စနစ်၏ ပြောင်းလဲမှုကြားကာလတွင် ခရီးသွားပြည်သူများအတွက် အခက်အခဲများ၊ စိန်ခေါ်မှုများလည်း ရှိခဲ့သည်။

ပထမအဆင့်အနေဖြင့် ယခင် ယာဉ်လိုင်းပေါင်း ၃၅၀ ကျော်ပါဝင်သော ယာဉ်လိုင်းစနစ်ကို ဖျက်သိမ်းပြီး ယာဉ်လိုင်းပေါင်း ၉၀ ကျော်ဖြင့် YBS ယာဉ်လမ်းကြောင်းစနစ်သစ်ကို စတင်ပြေးဆွဲခဲ့သည်။ “YBS စနစ်ကို ပြောင်းလဲပြီးနောက်ပိုင်းမှာတော့ တစ်ဦးချင်းပိုင်ကနေ အများပိုင်ကုမ္ပဏီဖြစ်အောင် ဖွဲ့စည်းခဲ့ပါတယ်။ ရှုပ်ထွေးနေတဲ့ လမ်းကြောင်းတွေကို ရှင်းလင်းလွယ်ကူတဲ့ လမ်းကြောင်းတွေဖြစ်အောင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုနဲ့ ပြောင်းလဲခဲ့ပါတယ်။ အခက်ခဲဆုံးကဏ္ဍတစ်ခုကို ပြည်သူတွေပူးပေါင်းပါဝင်မှုနဲ့ ကျော်ဖြတ်နိုင်ခဲ့ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

ဒုတိယပြောင်းလဲမှုအနေဖြင့် ယခင် (မထသ) လက်ထက်ကတည်းက ပြေးဆွဲနေသော ခေတ်နှင့်လျော်ညီမှုမရှိသည့် ယာဉ်အို၊ ယာဉ်ဟောင်းများ၊ ကြံ့ခိုင်ရေးမကောင်းသည့် ယာဉ်များနေရာတွင် ပြည်သူလူထုအတွက် လုံခြုံစိတ်ချရသော ခေတ်မီယာဉ်သစ်ကြီးများဖြင့် အစားထိုးပြေးဆွဲခဲ့သည်။

ယခုလတ်တလောကာလတွင် YBS ယာဉ်လိုင်းတချို့တွင် ငွေပေးချေမှုစနစ်ကို ယာဉ်အကူများမထားရှိတော့ဘဲ ခရီးသည်ကိုယ်တိုင် ယာဉ်စီးခထည့်ရသော Cash Box စနစ်ကို ကျင့်သုံးခဲ့သည်။ အဆိုပါကာလတွင်လည်း အခက်အခဲနှင့် စိန်ခေါ်မှုများလည်း ရှိနေပြန်သည်။

လှိုင်သာယာမြို့နယ်နေ ကိုမင်းသူကမူ ယာဉ်နောက်လိုက်ပါသည့် ယာဉ်များရှိနေသေးကြောင်းနှင့် ယာဉ်နောက်လိုက်မပါသည့် ယာဉ်များကလည်း ပုံမှန်လမ်းကြောင်းမဟုတ်ပါက မှတ်တိုင်ဆင်းရန် အခက်အခဲရှိနေသေးကြောင်း ပြောသည်။

ထို့အပြင် ခရီးသည်များအနေဖြင့် YBS စီးနင်းရာတွင် ယာဉ်စီးနင်းခ ကျသင့်ငွေအကြွေကို ကိုယ်တိုင် Cash Box ထဲသို့ ထည့်ရသည့်အတွက် ငွေအကြွေအခက်အခဲရှိနေကြောင်း သိရသည်။

YBS စီးခရီးသည် ကိုတင်ထွဋ်ပိုင်က “တချို့ယာဉ်နောက်လိုက်တွေရဲ့ ရိုင်းပျမှုတွေကို မခံစားရတော့ဘူး။ စိတ်ချမ်းသာမှုတော့ ရပါတယ်။ ဒါပေမဲ့ ယာဉ်စီးခအကြွေမရှိလို့ တစ်ခါတလေ ငွေကျပ် ၅၀၀ တန် ထည့်စီးခဲ့ရတာမျိုးလည်း ရှိပါတယ်။ အစိုးရအနေနဲ့တော့ မကြာခင် ကတ်စနစ်ကို ဖော်ဆောင်တော့မယ်လို့ပြောတယ်။ အဲဒီ မတိုင်မီကြားမှာ ခရီးသည်တွေအဆင်ပြေအောင် ငွေအကြွေပြဿနာကို အဓိကထား ဖြေရှင်းပေးသင့်ပါတယ်။ အခု ကားစီးဖို့အကြွေမရှိရင် အကြွေရဖို့ တစ်ခုခုဝယ်ရတယ်။ အဲဒီတော့ ကျွန်တော်တို့အတွက် အပိုငွေက ကုန်နေတာပေါ့။ ပြောင်းလဲမှုကိုတော့ လက်ခံပါတယ်။ ပြည်သူတွေ အဆင်ပြေအောင် လုပ်ပေးနိုင်ဖို့လိုပါတယ်”ဟု ပြောသည်။

YBS - ၂၁ ယာဉ်လိုင်းပိုင်ရှင် ဦးတရုတ်လေးကလည်း “လတ်တလောမှာ ယာဉ်နောက်လိုက်တွေရဲ့နေရာမှာ Cash box တွေကို အစားထိုးပြီးတော့ ငွေထည့်တဲ့စနစ်ကို ကျင့်သုံးနေတယ်။ အခက်အခဲအနေနဲ့ကတော့ ငွေအကြွေ ပြဿနာကြုံတွေ့နေရတယ်” ဟု ပြောသည်။ သို့တစေ YRTA က ခရီးသည်များ ယာဉ်စီးခပေးချေရာတွင် လက်ရှိကြုံတွေ့နေရသည့် ငွေအကြွေပြဿနာ ပြေလည်စေရန် Yangon Bus Service (YBS)တွင် ပြေးဆွဲနေသည့် ကုမ္ပဏီများအနေဖြင့် လူစည်ကားရာ ကားမှတ်တိုင်များတွင် အကြွေများ လဲလှယ်ပေးရန် ညွှန်ကြားထားကြောင်း YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

“နှစ်ပေါင်းများစွာ ယာဉ်နောက်လိုက်တွေရဲ့ အကူအညီနဲ့ မောင်းလာတဲ့အတွက် ဒီအချိန်မှာ တစ်ယောက်တည်းမောင်းရတဲ့အခါ အနည်းငယ်အခက်အခဲရှိပါတယ်။ နောက်တစ်ခုကတော့ ယာဉ်ရဲ့ အခက်အခဲပါ။ ရှေ့တက်၊ နောက်ဆင်း တံခါးနှစ်ပေါက်ပါတဲ့ ယာဉ်တွေကျတော့ အဆင်ပြေတယ်။ တချို့မူလလက်ကျန်ယာဉ်တွေကျတော့ တံခါးတစ်ပေါက်တည်းပါတဲ့အတွက် အဆင်မပြေဘူး။ ဒါကြောင့် ယာဉ်အကူတစ်ယောက်ထားပေးနေရတဲ့ အခက်အခဲမျိုးတွေရှိတယ်”ဟု ယာဉ်လိုင်းပိုင်ရှင် ဦးတရုတ်လေးက ဆိုသည်။

ယနေ့ YBS ယာဉ်လိုင်းတွင် ယာဉ်လိုင်း ၉၁ လိုင်းက ယာဉ်စီးရေ ၃၇၂၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော်လည်း ယာဉ်စီးရေ ၁၆၀၀ ကျော်မှာ ယာဉ်အို/ယာဉ်ဟောင်းများဖြစ်နေသည့်အတွက် ခရီးသည်များ အဆင်ပြေချောမွေ့စွာစီးနိုင်ရန် ယာဉ်သစ်များဖြင့် လဲလှယ်ရန် စီစဉ်နေကြောင်း YRTA က သိရသည်။ YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကမူ “ကားသစ်တွေက အစီး ၈၀၀ ရှိတယ်။ ယာဉ်အို၊ ယာဉ်ဟောင်းတွေနေရာမှာ ကားသစ်တွေနဲ့ တဖြည်းဖြည်းချင်း လဲလှယ်သွားမယ်”ဟု ပြောသည်။

“အခုက အများပိုင်မဟုတ်ဘဲ ကိုယ်ရကိုယ်ယူဖြစ်နေတယ်။ ဘုံစနစ်ပြောင်းဖို့ ပြောတယ်။ ဘုံစနစ်လုပ်တဲ့သူလည်း ရှိတယ်။ ကိုယ်ရကိုယ်ယူလည်းရှိနေတယ်။ တစ်ဦးချင်းပိုင်ကိုဖျက်မှ ကိုယ်ရကိုယ်ယူစနစ်ပျက်မှာ”ဟု ၎င်းက သုံးသပ်ပြောကြားသည်။

စနစ်တစ်ခုပြောင်းလဲရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကလည်း အရွေ့တစ်ခုကို မြန်နှုန်းမြင့် ပြောင်းလဲနိုင်စေသည်။ သို့သော် အချို့ခရီးသွားပြည်သူများ၏ စည်းကမ်းမပြည့်ဝမှုကလည်း YBS ယာဉ်မောင်းများကို အခက်အခဲ တွေ့စေသည်။

“အခု ယာဉ်နောက်လိုက်မပါတဲ့အတွက် ပိုပြီးအာရုံစိုက်ရတာပေါ့။ ယာဉ်စီးခထည့်ဖို့အတွက်ကိုလည်း ခရီးသည်တွေကို နှိုးဆော်နေရတယ်။ တချို့ကလည်း သိသိကြီးနဲ့မထည့်တာမျိုးတွေ ရှိတယ်။ တချို့ကျတော့ ပိုက်ဆံအစုတ်တွေ ထည့်တာရှိသလို ငွေကျပ် ၂၀ တန်၊ ၅၀ တန်တွေ ထည့်သွားတာမျိုးရှိတယ်။ စားကြွင်းစားကျန် အမှိုက်တွေကို ယာဉ်ပေါ်မှာထားခဲ့တာမျိုးတွေလည်း ရှိတယ်။ ဒီလိုလုပ်ရပ်တွေက မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ဘက်က စည်းကမ်းလိုက်နာသလို ခရီးသည်တွေဘက်ကလည်း စည်းကမ်းလိုက်နာစေချင်ပါတယ်။ ငွေကြေးမထည့်တာမျိုးကိုတော့ ရုံးဆင်း၊ ရုံးတက် လူစည်ကားတဲ့အချိန်တွေမှာ အမြဲတွေ့နေရတယ်။ ယာဉ်စီးခငွေအကြွေအခက်အခဲရှိတဲ့သူတွေကို ခရီးသည်အချင်းချင်း စောင့်ပြီး လဲခိုင်းရပါတယ်”ဟု YBS- ၂၇ ယာဉ်မောင်း ကိုမင်းမင်းက ယာဉ်မောင်းများ၏ အခက်အခဲနှင့် စိန်ခေါ်မှုကို ဖွင့်ဟပြောသည်။

“အရင်တုန်းကဆိုရင် ယာဉ်စီးခကို ပုံသေမဟုတ်ဘဲနဲ့ တောင်းတာမျိုးတွေ ရှိတယ်။ အခုကတော့ ပုံသေစနစ်နဲ့ဆိုတော့ ပိုကောင်းပါတယ်။ ပုံးထဲထည့်ရတယ်ဆိုတော့ စနစ်တကျ စည်းကမ်းလည်းရှိတာပေါ့။ ဒါပေမဲ့ ယာဉ်စီးခအကြွေအခက်အခဲတော့ ရှိပါတယ်။ ကိုယ်သွားရမယ့်လမ်းကြောင်းကိုချိန်ဆပြီးတော့ အကြွေကိုဖြတ်ထားရတာပေါ့။ လခစားဝန်ထမ်းတွေအနေနဲ့ လခထုတ်ရက်တွေမှာ အကြွေလေးတွေပါထည့်ပေးရင် ဒီကြုံတွေ့နေရတဲ့ အခက်အခဲကို တစ်ဖက်တစ်လမ်းက ဖြေရှင်းနိုင်မယ်လို့ မြင်ပါတယ်”ဟု လှိုင်သာယာမြို့နယ်နေ ခရီးသည် ကိုချမ်းငြိမ်းက ပြောသည်။

ကတ်စနစ်မကျင့်သုံးမီ ကြားကာလတွင် နိုင်ငံအတွင်းလည်ပတ်နေသည့် ငွေအကြွေများစွာက YBS စနစ်ထဲသို့ စုပြုံစီးဝင်နေမှုကလည်း ငွေကြေးစီးဆင်းမှုအပေါ် ရိုက်ခတ်မှုများလည်းရှိနိုင်သည်။

သို့သော် YBS စနစ်၏ တတိယအဆင့် ပြောင်းလဲမှုလုပ်ငန်းစဉ်အဖြစ် ယာဉ်စီးခကျသင့်ငွေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ကတ်စနစ်ဖြင့် ပေးချေခြင်းကို စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် YRTA နှင့် Yangon Payment Services (YPS)၏ ကတ်စနစ်ဖြင့် ငွေပေးချေမှုလုပ်ငန်း ဝန်ဆောင်မှုအတွက် တင်ဒါတင်သွင်းမည့် ကုမ္ပဏီများအား ရှင်းလင်းပွဲတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောကြားခဲ့သည်။

“ကတ်စနစ်လုပ်လိုက်တဲ့အတွက် အကြွေမရှိတာတွေ၊ အကြွေမအမ်းနိုင်တာတွေလည်း ခရီးသွားပြည်သူတွေ ကြုံတွေ့ရတော့မှာ မဟုတ်ဘူး”ဟု ၎င်းက ဆိုသည်။ လတ်တလောအနေဖြင့် YBS ယာဉ်များတွင် စီးနင်းသည့်ခရီးသည်များက ပေးချေသည့် ငွေအကြွေများကို ဧရာဝတီဘဏ်က နေ့စဉ်သိမ်းဆည်းစိစစ်ပေးလျက်ရှိကာ ခရီးသွားပြည်သူများ အခက်အခဲမရှိစေရန် ယာဉ်ပိုင်ရှင်များလက်ထဲသို့ ပြန်လည်ပေးအပ်ခဲ့ပြီး ခရီးသွားပြည်သူများအား ငွေအကြွေလဲလှယ်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

“မထသ ကနေ YBS ကိုပြောင်းတဲ့အခါ စနစ်တစ်ခုလုံးတင် ပြင်ရမှာမဟုတ်ဘူး။ ပါဝင်ပတ်သက်တဲ့သူတွေလည်း ပြင်ရမယ်။ ယာဉ်ပိုင်ရှင်တွေ၊ ယာဉ်နောက်လိုက်တွေ၊ ယာဉ်မောင်းတွေကိုလည်း ပြင်ရမယ်။ ပြည်သူလူထုကလည်း ပူးပေါင်းပါဝင်ဖို့လိုတယ်”ဟု YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ထို့ကြောင့် YBS စနစ်၏ ဆင့်ကဲပြောင်းလဲမှုနှင့်အတူ ကြားကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဖြေရှင်းမှသာ အများပြည်သူတို့၏အကျိုးကို အမှန်တကယ် သယ်ပိုးရွက်ဆောင်နိုင်မည့် YBS စနစ်ကြီး တစ်ရပ်ဖြစ်ပေါ်လာပေလိမ့်မည်။ ။

**သတင်းဆောင်းပါး- မင်းသစ်(MNA)၊ဇော်ကြီး (ပဏီတ)**
**ဓာတ်ပုံ - မင်းဇော်**



---

**○ စာမျက်နှာ ၆ မှ**

မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်ပင်သာယာရေး လုပ်ငန်းများအတွက် အေဂျင်စီ ၁၁ ခုအနေဖြင့် ရာနှုန်းပြည့်နီးပါး ဆောင်ရွက်နိုင်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ e-government စနစ်ပြောင်းလဲကျင့်သုံးတဲ့ စင်ကာပူနိုင်ငံရဲ့ (၃၆) နှစ် အတွေ့အကြုံဟာ အတုယူစရာဖြစ်ခဲ့ပါတယ်။ ပြည်သူလူထုမှ တောင်းခံလာတဲ့ ဝန်ဆောင်မှုတွေကို သက်ဆိုင်ရာဌာနများသို့ လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့ MSO ကို ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ပြည်သူလူထုကိုယ်စား ချိတ်ဆက်ဖြေရှင်းပေးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒီနေရာမှာ အရေးအကြီးဆုံးက ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှု (Citizen Participation)ပဲ ဖြစ်ပါတယ်။ ပူးပေါင်းပါဝင်မှုကောင်းလို့ ကမ္ဘာမှာနံပါတ်(၈)နေရာမှာ ရပ်တည်နေတာကို သိရှိခဲ့ရပါတယ်။

အဓိကလေ့လာမှုအစီအစဉ်မှာ မပါဝင်သော်လည်း စင်ကာပူသမ္မတနိုင်ငံ အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Housing Development Boart-HDB) မှ ဆောက်လုပ်ထားသည့် အိမ်ရာများကို လေ့လာခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်တွင် ပေါ်ပေါက်လာပြီး Ministry of National Development ၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်ပါတယ်။ အဓိကအားဖြင့် ဝင်ငွေနည်းပါးသည့် ဝင်ငွေအသင့်အတင့်ရှိသူများအတွက် သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီပါက အငှားချထားခြင်း၊ ရောင်းချခြင်း၊ စီမံခန့်ခွဲခြင်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးပါတယ်။ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကာ မြို့သစ်များ ဖော်ထုတ်ခြင်း၊ နေရာချထားခြင်း၊ ဆိုင်များ၊ ဈေးများ၊ ပန်းခြံများ၊ Sports Complexများ၊ Community Facilities တွေကို ဆောင်ရွက်ပေးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အိမ်ရာစခန်းများရဲ့ ထူးခြားချက်ကတော့ "Clean and Green Week " အဖြစ် ရက်သတ္တပတ်လှုပ်ရှားမှုသဘောမျိုး ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ စိမ်းလန်းစိုပြည်ရေးကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်စေပြီး အသန့်ရှင်းဆုံး စုပေါင်းတိုက်ခန်းပြိုင်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရှိရပါတယ်။

၁၉၆၅ ခုနှစ်ကမှ မလေးရှားပြည်ထောင်စုကနေခွဲထွက်ပြီး လုံးဝလွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာတယ်ဆိုပေမယ့် ထိုစဉ်ကဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မစ္စတာလီကွမ်ယုဟာ ၄က်တွေရဲ့ သဘောသဘာဝကို အမှတ်တမဲ့၊ ဒါမှမဟုတ် ထဲထဲဝင်ဝင် သိထားတာ ရှိလားမသိ၊ စောစောထတဲ့၄က်ရဲ့ အရာရာအဆင်ပြေမှု (ဥပမာအစာပိုရမှု၊ မိမိရဲ့အသိုက်အဝန်းကို စောင့်ရှောက်ပေးနိုင်မှု)ကို နမူနာယူကာ ဦးဆောင်ဆောင်ရွက်နိုင်ခဲ့လို့ အချိန်တိုအတွင်း အဆင့်အတန်းမြင့်မားခြင်း၊ နိုင်ငံရေးတည်ငြိမ်ခြင်း၊ စည်းကမ်းရှိခြင်း၊ ငွေကြေးခိုင်မာခြင်း၊ ကြိုးစားအားထုတ်မှု ကောင်းခြင်းနဲ့ ရင်းနှီးမှုကောင်းခြင်းတို့ကို မျက်ဝါးထင်ထင်တွေ့ခဲ့ရပါတယ်။

အသိပညာဗဟုသုတဆိုတာဟာ ဘယ်အချိန်မှာပဲ သိသိ နောက်ကျတယ်မရှိပါ။ လောကကြီးဟာ မိမိအတွက် မဟုတ်၊ မိမိဟာလောကကြီးအတွက် ဖြစ်စေရမည်ဆိုတဲ့ အသိရှိတဲ့လူတိုင်း ပေးဆပ်ခဲ့ရမှုနှင့် ပြန်လည်ရရှိခဲ့မှု အလဲအထပ်ဟာ တန်ရဲ့လားဆိုတာကို တွေးတတ်ကြမှာပါ။ အမြင်မမှားဖို့နဲ့ အသိမမှားဖို့သာ လိုပါတယ်။

ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အောင်မြင်နေတဲ့ နိုင်ငံများရဲ့ လက်ရှိကျင့်သုံးလျက်ရှိတဲ့ နောက်ဆုံးပေါ်နည်းစနစ်တွေထဲက မိမိနိုင်ငံအတွက် အသုံးလည်းဝင်၊ လုပ်လည်းလုပ်နိုင်မယ့် နည်းစနစ်တွေကို ရွေးချယ်အသုံးပြုကာ "Quick Win Strategy"များ ချမှတ်ဆောင်ရွက်ရမည့်အချိန် ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း၏ ဈာပနအခမ်းအနားသို့ တက်ရောက်

**ရန်ကုန် ဩဂုတ် ၁၇**
သံအမတ်ကြီး(အငြိမ်းစား)၊ ဗိုလ်မှူးချုပ်ဟောင်း၊ စည်သူ၊ သရေစည်သူ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း အသက်(၁၀၁)နှစ်ရှိ ဦးအောင်ရွှေ၏ ဈာပနအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေးသုသာန်၌ ပြုလုပ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေသည် ဩဂုတ် ၁၃ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ ဝိတိုရိယဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သဖြင့် ယနေ့နံနက်ပိုင်းတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ကာ အရိုးပြာကို ဂူသွင်းခဲ့သည်။

ဦးအောင်ရွှေ၏ဈာပနသို့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိသားစုဝင်များ လိုက်ပါပို့ဆောင်ခဲ့ကြသည်။

အဆိုပါ ဈာပနအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ဂုဏ်ပြုအမှတ်တရ စကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီတို့က ဂုဏ်ပြုအမှတ်တရ စကားပြောကြားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမျိုးညွန့်က ဦးအောင်ရွှေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ဖတ်ကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက ဂါရဝပြုအမိန့်ပြန်တမ်းဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

**သတင်း - မင်းသစ်(MNA)၊ ဓာတ်ပုံ-လှမိုး**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)



## မောင်တောမြို့ဌာနဆိုင်ရာများ၏ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မောင်တော ဩဂုတ် ၁၇**
မောင်တောမြို့ဌာနဆိုင်ရာများ၏ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြဝင်းက ဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်က မီးသတ်တပ်ဖွဲ့၏လုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးရဲနိုင်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး မူးယစ်အထူးတပ်ဖွဲ့ တပ်ဖွဲ့(၄၆)မှ ရဲအုပ်အောင်ကျော်ဦးက မူးယစ်ဆေးဝါးအန္တရာယ်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။

ယင်းနောက် မောင်တောခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးလွင်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးပြီး လူကုန်ကူးမှုကာကွယ်တားဆီးရေး ရဲတပ်ဖွဲ့မှ ရဲအုပ်စံမင်းက လူကုန်ကူးမှုကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဟောပြောသည်။ ယင်းနောက် ဌာနဆိုင်ရာများမှ အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ပေးဝေပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြဝင်းက နိဂုံးချုပ်စကားပြောကြားသည်။

**သတင်း-မျိုးသူဟိန်း၊ ဓာတ်ပုံ-အောင်ကျော်စိန်(ခရိုင် ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာ ၃၂၃ ဦး၊ ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၈၁ ဦးနှင့် သေဆုံးသူ ခုနစ်ဦးရှိ

**ရန်ကုန် ဩဂုတ် ၁၇**
ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၂၃ ဦး၊ Seasonal Influenza A (H1N1) pdm 09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၈၁ ဦးနှင့်သေဆုံးသူ ခုနစ်ဦးရှိကြောင်း၊ ယနေ့နံနက် ၇ နာရီသတင်းအရ အထူးကုဆေးရုံကြီး (ဝေဘာဂီ) တွင် ဆေးရုံတက်ရောက်ကုသနေသော လူနာလေးဦးရှိပြီး ဩဂုတ် ၁၆ ရက်တွင် ဆေးရုံဆင်းလူနာတစ်ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။**(သတင်းစဉ်)**

## နိုင်ငံတစ်ဝန်းတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၂၅ ဦးရှိပြီး Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ ၂၇၇ ဦးရှိကာ ဓာတ်ခွဲအတည်ပြု သေဆုံးသူ ၂၇ ဦးရှိသွားပြီဖြစ်

**နေပြည်တော် ဩဂုတ် ၁၇**
နိုင်ငံတစ်ဝန်းတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါလက္ခဏာဖြင့် ပြသသူ ၇၂၅ ဦးရှိပြီး Influenza A(H1N1)pdm09 ဓာတ်ခွဲအတည်ပြုဖြစ်ပွားသူ ၂၇၇ ဦးရှိကာ ဓာတ်ခွဲအတည်ပြုသေဆုံးသူ ၂၇ ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)pdm09 သံသယလူနာ ၃၈ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွင် H1N1 ပိုးတွေ့လူနာ ၁၅ ဦးတွေ့ရှိခဲ့ရပြီး ထပ်မံသေဆုံးသူလူနာတစ်ဦးရှိသဖြင့် ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင် ရောဂါလက္ခဏာဖြင့် ပြသသူဦးရေ | Influenza A (H1N1) pdm09 ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၀ | ၀ | ၀ |
| ၂ | ကယားပြည်နယ် | ၀ | ၀ | ၀ |
| ၃ | ကရင်ပြည်နယ် | ၁၃ | ၉ | ၁ |
| ၄ | ချင်းပြည်နယ် | ၆၆ | ၁၃ | ၀ |
| ၅ | စစ်ကိုင်း တိုင်းဒေသကြီး | ၂၀ | ၁၄ | ၁ |
| ၆ | တနင်္သာရီ တိုင်းဒေသကြီး | ၂၁ | ၁၅ | ၀ |
| ၇ | ပဲခူး တိုင်းဒေသကြီး | ၈၂ | ၃၇ | ၃ |
| ၈ | မကွေး တိုင်းဒေသကြီး | ၂၁ | ၁၃ | ၂ |
| ၉ | မန္တလေး တိုင်းဒေသကြီး | ၁၇ | ၁၅ | ၁ |
| ၁၀ | မွန်ပြည်နယ် | ၁၁ | ၆ | ၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၈ | ၃ | ၀ |
| ၁၂ | ရန်ကုန် တိုင်းဒေသကြီး | ၃၃၅ | ၈၂ | ၇ |
| ၁၃ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၁၄ | ၁၀ | ၀ |
| ၁၄ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၆ | ၃ | ၀ |
| ၁၅ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁၁ | ၃ | ၀ |
| ၁၆ | ဧရာဝတီ တိုင်းဒေသကြီး | ၇၉ | ၃၇ | ၁၁ |
| ၁၇ | နေပြည်တော် | ၂၁ | ၁၇ | ၀ |
| | စုစုပေါင်း | ၇၂၅ | ၂၇၇ | ၂၇ |

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း ၁၉ ဦးရှိကြောင်း သိရသည်။

ယနေ့မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့ အတွင်းလူနာငါးဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၆၀ စုစုပေါင်း ၆၅ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာရောဂါသက်သာလျက်ရှိကြောင်း။

ယနေ့ H1N1 ပိုးတွေ့လူနာ ၁၅ ဦးအနက် တစ်အိမ်တည်းအတူနေ မိသားစုဝင် လေးဦးတွင် H1N1 ပိုး စမ်းသပ်တွေ့ရှိရသဖြင့် အတူနေထိုင်သူများအကြားတွင် ရောဂါပိုးကူးစက်နိုင်သည်ကိုတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော နှိုးဆော်ချက်များအတိုင်း အထူးအလေးဂရုပြုလိုက်နာကြပါရန် လိုအပ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ FluNet Website တွင် ဖော်ပြထားချက်အရ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၅ ရက်အထိ ခုနစ်လခန့်ကာလအတွင်း အရှေ့တောင်အာရှဒေသနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၏ သတင်းပေးပို့ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) ဖြစ်ပွားမှုအခြေအနေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၁၂၀၆၀၊ အိန္ဒိယနိုင်ငံတွင် ၁၃၁၈ ဦး၊ နီပေါနိုင်ငံတွင် ၄၈၀၊ သီရိလင်္ကာနိုင်ငံတွင် ၃၇၃ ဦး၊ မော်ဒိုက်နိုင်ငံတွင် ၂၈၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၇၄ ဦး၊ ထိုင်းနိုင်ငံတွင် ၁၀၉ ဦး၊ မလေးရှားနိုင်ငံတွင် ၅၉ ဦး၊ ဘူတန်နိုင်ငံတွင် ၄၈ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံတွင် နှစ်ဦးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသဖြင့် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေဖြင့် မြန်မာနိုင်ငံတွင်သာမက နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် အများစုတွင် အမျိုးအစားတူရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့် ကာလဖြစ်သည်ဟု သုံးသပ်ရကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းရောဂါကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သော ကုသမှုများရရှိရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မုံရွာပြည်သူ့ဆေးရုံကြီး၌ H1N1ရောဂါ ကုသနေသောလူနာ ဩဂုတ် ၁၇ ရက်တွင် ရှစ်ဦးကျန်

**မုံရွာ ဩဂုတ် ၁၇**

မုံရွာပြည်သူ့ဆေးရုံကြီးတွင် H1N1ကြောင့် တက်ရောက်ကုသနေသော လူနာအချို့ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံဆင်းသည်များရှိသလို နောက်ထပ်ဖြစ်ပွား၍ တက်ရောက်ကုသနေရမှုများလည်း ရှိနေကြောင်း ကြားသိရသည့်အတွက် လက်ရှိ မုံရွာဆေးရုံကြီးတွင် တက်ရောက်ဆေးကုသခံနေရမှုအခြေအနေကိုသိရှိရန်အတွက် ဩဂုတ် ၁၇ ရက်က မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးငြိမ်းနှင့် တွေ့ဆုံမေးမြန်းဖြစ်သည်။

**မေး။ ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ H1N1 ဖြစ်ခဲ့တဲ့ အနေအထားကို သိလိုပါတယ်ဆရာ။**

ဖြေ။ ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ H1N1 ပိုးတွေ့တဲ့ လူနာအရေအတွက် တိုးလာပါတယ်။ ဩဂုတ် ၁၅ ရက်က သုံးဦးနဲ့ ၁၆ ရက်က လေးဦး ဆက်တိုက်ပိုးတွေ့တဲ့ လူနာတွေ တိုးလာနေပါတယ်။ ဒီနေ့မှာတော့ လူနာသစ်ထပ်တက်တာတော့ မရှိသေးပါဘူး။ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ စုစုပေါင်း ၁၃ ဦးပေါ့။ ကလေးမြို့က လူနာက ရန်ကုန်မှာ ဖြစ်နေပေမယ့် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းမှာ ထည့်မယ်ဆိုရင်တော့ ၁၄ ဦး ဖြစ်သွားမှာပါ။ တွေ့ရှိတဲ့ အထဲမှာ မိသားစုလိုက်ဖြစ်တာကတော့ နဘက်ကြီးတိုက်နယ်ဆေးရုံက ဝန်ထမ်းရယ်၊ အဲဒီတိုက်နယ်ဆေးရုံ ဆရာဝန်ရဲ့ မိသားစုရယ် လေးဦး၊ မုံရွာမြို့နယ် မုံရွေးရွာက ဆရာဝန်ရဲ့ အမျိုးသမီးနဲ့ကလေးက Positive ဖြစ်တဲ့အတွက် H1N1 ရဲ့သဘောတရားအရ မိသားစုအတူနေထဲမှာ ထိတွေ့မှုကနေ ကူးစက်တဲ့လက္ခဏာကိုတော့ တွေ့ရှိရမှာဖြစ်ပါတယ်။

**မေး။ ။ လက်ရှိ မုံရွာဆေးရုံကြီးမှာ H1N1 ကြောင့် တက်ရောက်ကုသနေတဲ့ လူနာတွေက ဘယ်လောက်ရှိတယ်။ နေကောင်းလို့ ဆေးရုံက ဆင်းသွားတာများ ရှိပါပြီလားဆိုတာ သိချင်ပါတယ်ဆရာ။**

ဖြေ။ ။ လူနာ ၁၄ ဦးမှာ နှစ်ဦးကတော့ သေဆုံးတာရှိခဲ့ပါတယ်။ မန္တလေးဆေးရုံကြီးမှာ သေဆုံးတဲ့ ဆားလင်းကြီးက လူနာရယ်၊ မုံရွာဆေးရုံကြီးမှာ ဆုံးသွားတဲ့ မုံရွာက တစ်ယောက်ရယ်ဖြစ်ပါတယ်။ မနေ့ကရတဲ့ သတင်းအရ ရွှေဘိုကနေ မန္တလေးဆေးရုံကြီးကို သွားကုတဲ့ လူနာတစ်ယောက်က မနေ့ကပဲ ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာဖြစ်လို့ ဆေးရုံက ဆင်းလာပြီဖြစ်သလို မုံရွာဆေးရုံမှာ တက်နေတဲ့ တက္ကသိုလ်ကျောင်းသူလေးလဲ မနေ့က ရောဂါပျောက်သွားပြီဖြစ်တဲ့အတွက် ဆေးရုံက ဆင်းခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ မုံရွာဆေးရုံကြီးမှာ ဒီနေ့ဆိုရင် ရှစ်ဦးကျန်ပါတယ်။ အဲဒီ ရှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရတဲ့ လက္ခဏာရှိတဲ့သူ တစ်ဦးမှ မရှိပါဘူး။ ဆေးကုသမှုအောက်မှာပဲ ကျန်းကျန်းမာမာနဲ့ ရှိနေပါတယ်။ ပြည်သူလူထုကို အသိပေးချင်တာကတော့ ဒီရောဂါဖြစ်တိုင်း အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တယ်ဆိုတာမျိုး မဟုတ်ဘူးဆိုတာကို အသိပေးချင်ပါတယ်။ အခုသေတဲ့လူနာတွေဆိုတာကလည်း အသက်ကြီးလို့၊ ရောဂါအခံရှိလို့သာ သေဆုံးရခြင်းဖြစ်ပါတယ်။ ဆေးရုံအနေနဲ့ ကုသချက်တွေနိုင်ပါတယ်။ ဖြစ်စေချင်တာက ပြည်သူလူထုအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပါ။ တကယ်လို့ ဖျားနာတာရှိလာရင် ဆေးမြီးတိုနဲ့မကုဘဲ နီးစပ်ရာကျန်းမာရေးဆေးပေးခန်းတွေမှာပြပြီး ဆရာဝန် ဆေးပေးခန်းနဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ညွှန်ကြားချက်ကို လိုက်နာပြီး ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။



ဒေါက်တာအေးငြိမ်း

**မေး။ ။ မုံရွာဆေးရုံကြီးအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးမှာ H1N1 ဖြစ်တဲ့ လူနာတွေမှာ အသက်အငယ်ဆုံးနဲ့ အကြီးဆုံးက ဘယ်အသက်အရွယ်တွေပါလဲ။ ဆရာဝန်မိသားစုတွေမှာ ဖြစ်တဲ့အပေါ် ကိုရော ဘာပြောချင်ပါသလဲ ဆရာ။**

ဖြေ။ ။ လက်ရှိစာရင်းအရ H1N1 ဖြစ်တဲ့ လူနာမှာ အသက်အငယ်ဆုံးက နှစ်နှစ်ဖြစ်ပြီး အသက်အကြီးဆုံးက (၇၀)နှစ် ဖြစ်ပါတယ်။ ဆရာဝန်မိသားစုလိုက်ဖြစ်ခြင်းသည် မိသားစု နှစ်စုရှိရာမှာ မိသားစုမှာသာ ရောဂါလက္ခဏာကို တွေ့ရပြီး ဆရာဝန် နှစ်ဦးစလုံးမှာ ရောဂါပိုးနဲ့ ရောဂါလက္ခဏာကို မတွေ့ရှိရဘူးလို့ စစ်ဆေးတွေ့ရှိရပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီးအတွင်း လွန်ခဲ့တဲ့ တစ်ပတ်ခန့်ကစပြီး H1N1 ကို ကုသပေးနေရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ လူနာနှင့် ထိတွေ့ဆက်ဆံရသည့် ဆရာဝန်တွေ၊ ကျန်းမာရေးလုပ်သားဝန်ထမ်းတွေ အပါအဝင် ခွဲစိတ်ခန်း၊ ဓာတ်မှန်ဓာတ်ခွဲဌာန ဝန်ထမ်းတွေ စုစုပေါင်း လူဦးရေ ၁၀၀ ကို ကာကွယ်ဆေးထိုးထားပေးပြီးပါတယ်။ **မျိုးဝင်းထွန်း(မုံရွာ)**

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၄ | ၃ | ၃ | ၁၀ |
| ၂ | အင်ဒိုနီးရှား | ၂ | ၀ | ၁ | ၃ |
| ၃ | မြန်မာ | ၂ | ၀ | ၀ | ၂ |
| ၄ | စင်ကာပူ | ၁ | ၂ | ၂ | ၅ |
| ၅ | ထိုင်း | ၁ | ၁ | ၀ | ၂ |
| ၆ | ဗီယက်နမ် | ၀ | ၂ | ၀ | ၂ |
| ၇ | ဖိလစ်ပိုင် | ၀ | ၁ | ၂ | ၃ |
| ၈ | လာအို | ၀ | ၁ | ၁ | ၂ |
| ၉ | ဘရူနိုင်း | ၀ | ၀ | ၂ | ၂ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၂ | ၂ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

**○ မြန်မာအမျိုးသမီးမှ**

ဒုတိယပိုင်းတွင် ဂိုးရရန် တိုက်စစ်အားပိုမြှင့်ခဲ့သည်။ ၄၇ မိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး မလေးရှားနောက်ခံလူ ဘင်တီဇာရီ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ အဖွင့်ဂိုးရသွား၍ မြန်မာအသင်းယုံကြည်မှုရှိသွားခဲ့ပြီး အနိုင်ဂိုးများ ဆက်တိုက်ရရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို (၆၇၊ ၇၆) မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ (၇၂၊ ၇၉) မိနစ်တွင် ခင်မိုးဝေတို့က သွင်းယူခဲ့သည်။

အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် မြန်မာအသင်းက နှစ်ပွဲကစား သုံးမှတ်၊ မလေးရှားအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ရှိုင်းထက်ဇော်**

**✱ ကျောဖုံးမှ**

ရောင်းချပေးသည့် အဆောက်အအုံ A နှင့် B တို့မှ အခန်းပိုင်ရှင်များ၊ ဒေသခံပြည်သူများသို့ ရောင်းချပေးသည့် C နှင့် D တို့မှ အခန်းပိုင်ရှင်များအား အခန်းသော့များကို ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်တို့က ပေးခဲ့ကြသည်။

အဆိုပါ ရွှေဖားစည်အဆင့်မြင့်အိမ်ရာ စီမံကိန်းလေးခန်းတွဲလေးထပ်အိမ်ရာကို ကရင်ပြည်နယ်အစိုးရနှင့် UHM Development ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆိုပြီး တိုက်ခန်းပေါင်း ၆၄ ခန်းတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ၃၂ ခန်းကို သက်သာသောဈေးနှုန်းဖြင့် အတိုးမဲ့ ၁၈ လကြာအရစ်ကျစနစ်ဖြင့်လည်းကောင်း၊ ကျန် ၃၂ ခန်းကို ကုမ္ပဏီမှ ပြည်သူများအားလည်းကောင်း ရောင်းချပေးခြင်းဖြစ်သည်။ လက်ရှိတိုက်ခန်းများအနေဖြင့် ဝယ်ယူမှုပြည့်သွားသော်လည်း ဘားအံမြို့ အမှတ်(၅)ရပ်ကွက်တွင် အခန်းပေါင်း ၃၀၀ ပါဝင်သည့် အိမ်ရာစီမံကိန်းကို ထပ်မံဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်သော နိုင်ငံ့ဝန်ထမ်းများအတွက် သက်သာသောဈေးနှုန်းဖြင့် ငါးနှစ်အရစ်ကျ ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန် ရှိသူများထံမှ သိရသည်။ **နေမျိုးလွင်(ဘားအံ)**

# လှည်းကူး၌ မောင်းပြေးသည့်တွဲကားကို ရပ်တန့်စစ်ဆေးရာ ကျွန်းသစ်များ သိမ်းဆည်းရမိ

**လှည်းကူး ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်သစ်တောထွက်ပစ္စည်း စစ်ဆေးရေးဂိတ်တွင် ဩဂုတ် ၁၃ ရက် ည ၉ နာရီက ၂၂ ဘီးတွဲယာဉ်အတွင်း ကျွန်းသစ်များ သိမ်းဆည်းရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ သစ်တောဦးစီးဌာနအဖွဲ့သည် အင်းတိုင်သစ်တောထွက်ပစ္စည်း စစ်ဆေးရေးဂိတ်တွင် ပဲခူးဘက်မှ ရန်ကုန်မြို့သို့ ယာဉ်မောင်း ဆန်းဝင်းနှင့် ယာဉ်နောက်လိုက် စိုးမင်းဦး မောင်းနှင်လာသော 4M/-----ဒေါင်ဖန်း (၂၂) ဘီး တွဲအမှတ် 1TKR------ ယာဉ်မှာ စစ်ဆေးရေးစခန်းအပြင်လမ်းမှ ဖြတ်သန်းမောင်းနှင်သွားသဖြင့် မသင်္ကာ၍ လိုက်လံတားဆီးရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လှည်းကူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လိုက်လံတားဆီးရာ ဇရပ်ကွင်းသံလမ်းအနီးတွင် တားဆီးနိုင်ခဲ့သည်။ ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ကျောက်တုံးများဖြင့် ဖုံးအုပ်၍ တင်ဆောင်လာသည့် တရားမဝင် ကျွန်းသစ်လုံး ခြောက်လုံး (၁ ဒသမ ၂၄၀၀ တန်)၊ ကျွန်းခွဲသား လေးချောင်း (သုည ဒသမ ၇၄၈ တန်)၊ ကျွန်းခွဲခြမ်း ၅၄ ခြမ်း (၅ ဒသမ ၈၃၆၀ တန်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်ကျွန်းသစ်များ တင်ဆောင်လာသည့် ယာဉ်မောင်း ဆန်းဝင်းနှင့် ယာဉ်နောက်လိုက် စိုးမင်းဦးတို့အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(လှည်းကူး)**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရေကျော်အုပ်စု ရေကျော်ကျေးရွာတွင် လျှပ်စစ်မီးလျှုဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက်က ကျင်းပရာ ဥသျှစ်ပင်မြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ အလှူရှင်များဖြစ်ကြသော ဦးမြင့်ဦး၊ ဦးခင်မောင်နိုင်၊ ဦးရန်အောင်၊ ဦးကိုကိုမင်း မိသားစုတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# (၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲအတွက် အက္ခရာအလုံးရေ ၄၇ လုံး ရောင်းချထားပြီး ဆုမဲပေါင်း ၁၂၀၀၀၀ ကျော် ဖွင့်လှစ်ပေးမည်

**ရန်ကုန် ဩဂုတ် ၁၇**

လာမည့် (၆) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲအတွက် ထီလက်မှတ်များ ခွဲဝေရောင်းချခဲ့ရာတွင် အက္ခရာ ၄၇ လုံး ရောင်းချထားပြီးဖြစ်ပြီး ဆုမဲပေါင်း ၁၂၀၀၀၀ ကျော် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

ဩဂုတ် ၁ ရက်တွင် စတင်ရောင်းချခဲ့သော (၆) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်များကို စက်တင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ထီအရောင်းကိုယ်စားလှယ်များ၏ ထီလက်မှတ် အမှာစာများအတိုင်း ရောင်းချခဲ့ရာတွင် "က" အက္ခရာမှ "အ" အက္ခရာအထိ အက္ခရာ ၃၃ လုံး၊ "ကက" အက္ခရာမှ "ကပ"အက္ခရာအထိ အက္ခရာ ၁၄ လုံး စုစုပေါင်း အက္ခရာ ၄၇ လုံး ရောင်းချထားပြီးဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"ထီကိုယ်စားလှယ်တွေရဲ့ အမှာစာတွေအတိုင်း အက္ခရာ ၄၇ လုံးကို ရောင်းချထားပြီးဖြစ်ပါတယ်။ ထီကိုယ်စားလှယ်တွေထံကို ထီလက်မှတ်တွေ ဖြန့်ဝေပြီးပါပြီ။ ထီလက်မှတ်ရောင်းချရတဲ့ငွေအပေါ် ဆုမဲခွဲဝေတဲ့အခါမှာလည်း ထီဆုကြီးတွေအပြင် ပဒေသာဆု ကျပ်ငါးသောင်းဆုအရေအတွက်ကို တိုးပေးထားပါတယ်"ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထီလက်မှတ် အက္ခရာ ၄၇ လုံး ရောင်းချထားရာတွင် ထီလက်မှတ်အုပ်ရေပေါင်း ၃၈၄၅၄၄၆ ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ ၄၂၂၉၉၉၀၆ စောင်ဖြစ်ကြောင်း သိရသည်။ ထီလက်မှတ်ရောင်းရငွေ စုစုပေါင်းမှာ ကျပ်သန်းပေါင်း ၁၉၂၂၇ ဒသမ ၂၃၀ ဖြစ်ပြီး ရောင်းရငွေ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ခွဲဝေပေးမည်ဖြစ်ရာ ဆုငွေချီးမြှင့်ငွေကျပ် သန်းပေါင်း ၁၁၅၃၆ ဒသမ ၃၃၈ ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ယခုလာမည့် (၆) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် အမြင့်ဆုံးဆု ကျပ်သိန်းတစ်သောင်းအပြင် ဆုတစ်ဆုချင်း ကျပ်သိန်းငါးထောင်ဆု နှစ်ဆု၊ ကျပ်သိန်းသုံးထောင်ဆု သုံးဆု၊ ကျပ်သိန်းတစ်ထောင်ဆုခြောက်ဆု၊ ကျပ်သိန်း ၅၀၀ ဆု ၁၀ ဆု၊ ကျပ်သိန်း ၃၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၁ ဆု၊ ကျပ်သိန်း ၅၀ ဆု ၁၅ ဆု၊ ကျပ်သိန်း ၃၀ ဆု ၂၂ ဆု၊ ကျပ်ဆယ်သိန်းဆု ၂၅ ဆုနှင့် ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်းဆု ၁၀၀၀ ဆု၊ ကျပ်တစ်သိန်းဆု ၁၂၀၀၀ ဆု၊ ကျပ်ငါးသောင်းဆု ၁၁၀၀၀၀ ဆု စုစုပေါင်း ဆုမဲအရေအတွက် ၁၂၃၂၀၆ ဆု ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။ **(ဆုနှင်းလှဲ့)**



# လာမည့်ပွင့်လင်းရာသီတွင် ချင်းပြည်နယ်အတွင်း ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်မည်

**ဖလမ်း ဩဂုတ် ၁၇**

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခရီးသွားလည်ပတ်သူပိုမိုများလာစေရန် ရည်ရွယ်၍ ချင်းပြည်နယ်အတွင်း ၂၀၁၆ ခုနှစ် ပွင့်လင်းရာသီကာလမှ စတင်ဆောင်ရွက်ခဲ့သော သဘာဝအခြေခံခရီးစဉ် ဒေသများအဖြစ် တီးတိန်၊ ဖလမ်း၊ ကန်ပက်လက်မြို့နယ်အတွင်း ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းများကို လာမည့်ပွင့်လင်းရာသီတွင် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



"ခရီးသွားလုပ်ငန်း အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့မှုကြောင့် အခုလာမယ့် ပွင့်လင်းရာသီဖြစ်တဲ့ ခရီးသွားရာသီမှာဆိုရင် ချင်းပြည်နယ်အထင်ကရ၊ အမှတ်တရဖြစ်တဲ့နေရာ၊ သဘာဝတောတောင်တွေကို ခံစားအနားယူနိုင်တဲ့ နေရာတွေအပြင် ကျေးလက်ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ၊ ရိုးရာအစားအစာတွေ၊ ရိုးရာလက်မှုအနုပညာ ထုတ်ကုန်တွေ၊ လူနေမှုစနစ်နဲ့ မိရိုးဖလာနေထိုင်မှုတွေကို လေ့လာနိုင်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းအတွက်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားကုမ္ပဏီတွေနဲ့ ချိတ်ဆက်ထားပြီးပါပြီ။ လာမယ့်ခရီးသွားရာသီမှာ အဓိက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့ လိုအပ်လာပါမယ်"ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ချင်းပြည်နယ်သည် အခြားသော ခရီးစဉ်ဒေသများနှင့် မတူသော ထူးခြားသည့် သဘာဝအလှအပများ ပိုင်ဆိုင်ထားပြီး ပျမ်းမျှအမြင့်ပေ ၅၀၀၀ နှင့် ၈၀၀၀ ကြားရှိ တောင်တန်းများဖြင့် ဖွဲ့စည်းထားသည့် တောင်တန်းဒေသတစ်ခုဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိကြောင်း၊ ရှားပါးငှက်မျိုးစိတ်များ၊ သဘာဝပေါက်ပင်နှင့် သစ်ပင်ပန်းမန်များ၊ သဘာဝရေကန်များ၊ လိပ်ပြာများနှင့် တောရိုင်းတိရစ္ဆာန်များအပြင် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့စရိုက်များနှင့် နေထိုင်မှုပုံစံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ပုံများကိုပါ လေ့လာနိုင်သော ဒေသဖြစ်သည့်အတွက် အနာဂတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကိုပါ ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်လာစေရန် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ခရီးစဉ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဧည့်သည်များလာရောက်လည်ပတ်ခြင်းတို့ကြောင့် ယင်းခရီးစဉ်ဒေသကို ထိခိုက်မှုနည်းနိုင်သမျှနည်းစေရေးတို့ကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုအပ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဩဂုတ် ၁၂ ရက်တွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ချင်းပြည်နယ်သို့ သွားရောက်ကြသည့် ပြည်တွင်း၊ပြည်ပဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ပြည်တွင်းဧည့်သည် ၁၁၄၁၄ ဦး၊ ပြည်ပဧည့်သည် ၃၄၉၇ ဦး စုစုပေါင်း ၁၄၉၁၁ဦး၊ ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းဧည့်သည် ၁၂၈၅၄ ဦး၊ ပြည်ပဧည့်သည် ၃၆၃၂ ဦး စုစုပေါင်း ၁၆၄၈၆ ဦး၊ ၂၀၁၆ ခုနှစ်တွင် သင်္ကြန်ရာသီအပြီး ဧပြီလကုန်အထိပြည်တွင်း ပြည်ပဧည့်သည် စုစုပေါင်း ၆၀၀၀ ဝန်းကျင် ဝင်ရောက်ခဲ့ကြပြီးဖြစ်ကြောင်း ချင်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနမှ သိရသည်။ **(ဇိုဟေဆာ)**



# ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ထီးချိုင့်မြို့နယ်အတွင်း စာသင်ကျောင်း ၂၃ ကျောင်း ခေတ္တပိတ်ထားရ

**ထီးချိုင့် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းမှစ၍ အခြေခံပညာကျောင်း၂၃ ကျောင်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၆ ရက် နံနက် ၆ နာရီမှစတင်၍မြင့်တက်လာရာ ဩဂုတ် ၁၆ရက် မွန်းတည့် ၁၂ နာရီတွင် ထီးချိုင့်မြို့၏ စိုးရိမ်ရေအမှတ် ၇၄၀ စင်တီမီတာသို့ ရောက်ရှိလာမှုကြောင့် မြို့နယ်အတွင်း အနိမ့်ပိုင်းရှိ အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)ကိုးကျောင်း၊ မူလတန်းလွန် လေးကျောင်းနှင့် မူလတန်းကျောင်း ခုနစ်ကျောင်း စုစုပေါင်း ၂၃ ကျောင်း ခေတ္တပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။ **ကျော်ခဲ(ထီးချိုင့်)**

### ❂ ရွှေဖုံးမှ

နိုင်ငံသားပိုင်ပြည်တွင်းကုမ္ပဏီများ(သို့မဟုတ်)မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ တင်ဒါတင်နိုင်ကြောင်း ဩဂုတ် ၉ ရက်က တင်ဒါစတင်ခေါ်ယူလိုက်ပြီး ဩဂုတ် ၁၅ ရက်တွင် အဆိုပါကနဦးအဆိုပြုတင်ဒါနှင့် ပတ်သက်၍ ရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့သည်။ တင်ဒါခေါ်ယူရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သော ဒေါ်နီလာကျော်နှင့် ဒေါ်နော်ပန်းသဇ္ဇာမျိုးတို့ ပါဝင်မည်ဖြစ်ပြီး ပြင်ပမှ IT နှင့် နည်းပညာကျွမ်းကျင်သူများ၊ ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးအပါအဝင် တင်ဒါစိစစ်ရွေးချယ်အကဲဖြတ်အဖွဲ့မှ ဆောင်ရွက်သွားမည်ဟု သိရသည်။

ကတ်စနစ်ငွေပေးချေမှုစနစ်တွင် ကနဦးဆောင်ရွက်ချက်အဖြစ် YBS ယာဉ်လိုင်းများအားလုံးတွင် တစ်ပြေးညီ အသုံးပြုသွားနိုင်စေရေးအပြင် Yangon Water Bus မြစ်ကြောင်းသယ်ယူပို့ဆောင်ရေး၊ မြို့ပတ်ရထား ခရီးစဉ်များတွင်လည်း တစ်ပြေးညီ အသုံးပြုနိုင်ရန် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဟု သိရသည်။

"စင်ကာပူမှာ သုံးတဲ့စနစ်လိုမျိုးပေါ့။ ကတ်နဲ့ MRTပဲစီးစီး၊ ဘတ်စ်ပဲစီးစီး အသုံးပြုစီးနင်းတဲ့ခရီးစဉ်အကွာအဝေးအပေါ် မူတည်ပြီး ငွေပိုင်းဖြတ်သွားတာပါ။ ဒီမှာလည်း ကနဦးအနေနဲ့ ဘတ်စ်နဲ့ရထားရယ်၊ Water Bus ရယ်မှာ တစ်ပြေးညီသုံးနိုင်ဖို့ ဆောင်ရွက်သွားမယ်လို့ သိရပါတယ်" ဟု သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခေါ်ယူထားသည့် တင်ဒါအဆိုပြုလွှာ (ပထမအဆင့်)ကို ဩဂုတ် ၂၅ ရက်တွင် စတင်လက်ခံသွားမည်ဖြစ်ပြီး နောက်ဆုံးလက်ခံမည့်ရက်အဖြစ် စက်တင်ဘာ ၁၆ ရက်ကို သတ်မှတ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။ **(ဝဝ၁)**



**လှိုင်မြို့နယ် အမှတ် (၁၂)ရပ်ကွက် အမက(၁၈)တွင် သက်ငယ်ကလေးများနှင့်ပတ်သက်သော မူခင်းကျူးလွန်ဆင်းရေး ဟောပြောပွဲပြုလုပ်ရာ လှိုင်မြို့မ ရဲစခန်းမှူး ဒုရဲမှူးသိန်းဆွေမြင့် ဟောပြောဆွေးနွေးစဉ်။** (ကြေးမုံ)

# ဖျာပုံဆေးရုံကြီးသို့ ဆေးဝါးများလှူဒါန်းနိုင်

**ဖျာပုံ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအသုံးပြုရန်အတွက် ဆေးဝါးလှူဒါန်းခြင်းကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁နာရီက ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။

ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဆေးဝါးများကို ဖျာပုံမြို့နေ ဦးအောင်ခိုင်ဝင်းနှင့် ဇနီး ဒေါ်နီလာမိုး(ဧရာဝတီအထူးကုဆေးရုံ/ ရွှေရော စက်သုံးဆီအရောင်းဆိုင်) မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဖျာပုံဆေးရုံကြီးသည် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ အမာမြို့ခွဲတို့ရှိသည့် ခရိုင်ဆေးရုံတစ်ခုဖြစ်ရာ လူနာများအတွက် ဆေးဝါးများလှူဒါန်းလိုပါက ဆေးရုံတာဝန်ရှိသူများထံ ချိတ်ဆက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သူဇာနွယ်)**

# ယခုနှစ် အင်းလေးဒေသထွက် ခရမ်းချဉ်စိုက်တောင်သူများနှင့် ပွဲရုံများ သိန်းရာချီအရှုံးပေါ်နေ

**ညောင်ရွှေ ဩဂုတ် ၁၇**

မြန်မာအိမ်ရှင်မများအတွက် ခရမ်းချဉ်သီးသည် အလိုအပ်ဆုံးဟင်းသီးဖြစ်သည်။ ဟင်းချက်ရာတွင် ခရမ်းချဉ်သီးနှင့် ရောချက်သည်။ ခရမ်းချဉ်သီးထောင်းသည် ဟင်းတစ်ခွက်ဖြစ်သည်။ ခရမ်းချဉ်သီးကို သုပ်၍စားသည်။ ထို့ကြောင့် ခရမ်းချဉ်သီးသည် အိမ်ရှင်မများအတွက် မပါမဖြစ်သော အသီးဖြစ်သည်။

ခရမ်းချဉ်သီးကို တောင်ပေါ်မြေပြန့်အနှံ့ စိုက်ပျိုးကြသည်။ မြေပြန့်ခရမ်းချဉ်သီးထက် ရှမ်းပြည်တောင်ပိုင်း အင်းလေးဒေသထွက် ခရမ်းချဉ်သီးသည် လူကြိုက်အများဆုံးဖြစ်သည်။ အင်းလေးဒေသထွက် ခရမ်းချဉ်သီးကို မြန်မာတစ်နိုင်ငံလုံးရှိ ဟင်းသီးဟင်းရွက်ဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။

ခရမ်းချဉ်သီးကို ညောင်ရွှေမြို့နယ်တွင် အများဆုံးစိုက်ပျိုးကြသည်။ အင်းလေးဒေသတွင် ခရမ်းချဉ်သီးကို ကျွန်းမျောပေါ်တွင် စိုက်ပျိုးကြသည်။ အင်းလေးခရမ်းချဉ်သီးကို ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ်တွင် ဩဂုတ်လမှ အောက်တိုဘာလအထိ စိုက်ပျိုးကြသည်။ အင်းလေးဒေသ အနောက်ဘက်ကမ်းတွင် တောင်ပုံကြီး၊ သပြေပင်၊ လက်သစ်၊ ငါးဖယ်ချောင်း၊ ကျွန်းကြီး၊ လင်းကင်း၊ ကေလာ၊ မိုင်းသောက်၊ အိမ်ထောင်ကြီး၊ ဘုရားပင့်၊ နယ်ပန်းပေပင်ရွာတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

ခရမ်းချဉ်သီး ကျွန်းမျောအလံ ၁၀၀ တွင် ခရမ်းချဉ်သီးပိဿာ ၆၀၀ ထွက်သည်။ ခရမ်းချဉ်သီးတောင်သူများသည် ကျွန်းမျော ၃၀၀ မှ ၁၅၀၀ အထိ စိုက်ပျိုးကြသည်။ ခရမ်းချဉ်သီးအစိမ်းကို အမှည့်ဖြစ်ရန် ၁၅ ရက်ခန့် လှောင်ထားရသည်။ ရှမ်းပြည်တောင်ပိုင်းတွင် အင်းလေးဒေသအပါအဝင် အောင်ပန်း၊ ပင်းတယ၊ ရွာငံတို့မှလည်း ခရမ်းချဉ်သီးများထွက်သဖြင့် တစ်နှစ်ပတ်လုံး ခရမ်းချဉ်သီးထွက်သောဒေသဖြစ်သည်။

၂၀၁၅၊ ၂၀၁၆ ခုနှစ်က အင်းလေးခရမ်းချဉ်သီး တစ်ပိဿာ ၁၂၀၀ ကျပ်ဖြင့် ရောင်းရသဖြင့် ခရမ်းချဉ်သီးစိုက်တောင်သူများနှင့် ခရမ်းချဉ်သီးပွဲရုံများမှာ စီးပွားရေးထွက်ခြေကိုက်ပြီး အမြတ်များများရရှိခဲ့ကြသည်။ ညောင်ရွှေမြို့ပေါ်တွင် ခရမ်းချဉ်သီးပွဲရုံ ၈၀ ကျော်ရှိသည်။

အင်းလေးခရမ်းချဉ်သီးကို ညောင်ရွှေပွဲရုံများက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မုံရွာ၊ မိတ္ထီလာ၊ ပျဉ်းမနားသို့ နေ့စဉ် ခရမ်းချဉ်သီးသေတ္တာ ၄၀၀(ပိဿာချိန် ၁၀၀၀၀) အထိ တင်ပို့ခဲ့ရသည်။ ရန်ကုန်ဈေးကွက်သို့ ခရမ်းချဉ်သီးသေတ္တာ ၆၀၀ (ပိဿာချိန် ၁၁၀၀၀) တင်ပို့ခဲ့ရသည်။

သို့သော် ယခုနှစ်တွင် အင်းလေးခရမ်းချဉ်သီးထွက်ချိန်နှင့် မြေပြန့်ခရမ်းချဉ်သီးထွက်ချိန် တိုက်နေသဖြင့် အင်းလေးခရမ်းချဉ်သီးများ ဝယ်လက်မရှိဘဲဖြစ်နေသည်။ ထို့အပြင် ယခုနှစ် တွင် ဇွန်၊ ဇူလိုင်လများက ခရမ်းချဉ်ခင်းတွင် သီးပေါက်ပိုးအသစ်တစ်မျိုး ဝင်ရောက်ခဲ့သဖြင့် ခရမ်းချဉ်ခင်းများ ပျက်စီးခဲ့ရသည်။ ထို့ကြောင့် အင်းလေးခရမ်းချဉ်သီးမှာ မတန်တဆဈေးကျပြီး တစ်ပိဿာ ၄၀၀ ကျပ်၊ ၅၀၀ ကျပ်သာ ဈေးပေါက်ခဲ့သည်။

ယခုနှစ်တွင် အင်းလေးခရမ်းချဉ်စိုက်တောင်သူများမှာ မြေပြန့်ခရမ်းချဉ်သီးထွက်ချိန်နှင့် တိုက်နေခြင်း၊ သီးပေါက်ပိုးအသစ်ကြောင့် ခရမ်းချဉ်သီးအထွက်နည်းကာ ခရမ်းချဉ်သီးအလံ ၅၀၀ စိုက်သူတို့မှာ သိန်း ၂၀ မှ သိန်း ၃၀ အထိ အရှုံးပေါ်နေသည်။ ထိုနည်းတူ ခရမ်းချဉ်သီးပွဲရုံများမှာလည်း သိန်း ၂၀၀ မှ ၅၀၀ အထိ အရှုံးပေါ်နေကြသည်။ ယခုအခါ အင်းလေးခရမ်းချဉ်သီးတစ်တင်း(အချိန် ပိဿာ ၃၀)ကို ငွေကျပ် ၁၂၀၀၀၊ ငွေကျပ် ၁၁၀၀၀ သာဈေးရှိပြီး ဝယ်လက်မရှိဘဲဖြစ်နေသည်။ ခရမ်းချဉ်သီးပွဲရုံများမှာ ဈေးကွက်တွင် အရှုံးပေါ်နေသော်လည်း မိမိပွဲရုံရှိ အလုပ်သမားမိသားစု စားဝတ်နေရေးအတွက် အရှုံးခံ၍ ဆက်လက်လုပ်ကိုင်နေရကြောင်း ညောင်ရွှေခရမ်းချဉ်သီးပွဲရုံပိုင်ရှင် ဦးဖောကပြောကြားသည်။ ယခုနှစ်တွင် သီးပေါက်ပိုးအသစ်ကျရောက်သဖြင့် အင်းလေးခရမ်းချဉ်သီးစိုက်ပျိုးသူများမှာ ယခင်ပိဿာ ၁၀၀၀ ကျော်ရရှိခဲ့ရာ ယခုနှစ်တွင် ပိဿာ ၁၀၀၀ ပင်မရသဖြင့် အရှုံးကြီးရှုံးနေကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ဈေးကွက်ဝင် သရက်သီးရရှိရေး သရက်ပင်ပြုပြင်နည်းနှင့် သဘာဝမြေသြဇာပြုလုပ်နည်းသင်တန်းဖွင့်

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချသူများအသင်းနှင့် ဂျာမနီနိုင်ငံ giz ပံ့ပိုးမှုဖြင့် Pem အဖွဲ့တို့ ပူးပေါင်း၍ဈေးကွက်ဝင် သရက်သီးရရှိရေး သရက်ပင်ပြုပြင်နည်းနှင့် သဘာဝမြေသြဇာပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက မတ္တရာမြို့နယ် တောင်ကန်အုပ်စု ကင်းရွာ ဂွတ်ဘရားသား စိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

"အခုသင်တန်းကတော့ သရက်ပင်စိုက်ပျိုးရာမှာ အဓိကလိုအပ်တဲ့ သရက်ပင်ပြုပြင်နည်း၊ သဘာဝမြေသြဇာ ပြုလုပ်နည်းဆင့်ပွားသင်ကြားပေးတဲ့ သင်တန်းဖြစ်ပါတယ်။ သင်တန်းကို ငါးလဆက်တိုက် ဆင့်ပွားသင်တန်းပို့ချပေးသွားမှာပါ။ အရည်အသွေးမီ သရက်သီးတွေရရှိရေး၊ နိုင်ငံခြားကို တင်ပို့ရောင်းချရာမှာ အရည်အသွေးမီ သရက်သီးတွေရရှိဖို့ ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု MFVP သရက်အစုအဖွဲ့မှ ကိုမျိုးလွင်က ပြောသည်။

"သရက်စိုက်ပျိုးလာတာ ၁၅ နှစ်ရှိပြီ။ ၁၀ ဧကကျော် ရိုးရိုးစိုက်ပျိုးပြီး ရရှိလာတဲ့အသီးကို ရောင်းချခဲ့တာပါ။ သရက်ပင် ပြုပြင်နည်းသင်ကြားပေးတော့ လိုအပ်ချက်တွေ အများကြီး တွေ့ရပါတယ်။ သဘာဝမြေသြဇာပြုလုပ်နည်းတွေပါ သင်ကြားပေးလို့ ကျေးဇူးတင်ပါတယ်"ဟု သရက်စိုက်တောင်သူ ကိုကျော်ဆွေမြင့်က ပြောသည်။

**(၀၀၂)**

# ယာယီတိုက်ပွဲရှောင်စခန်းနှစ်ခုအတွက် အဆောက်အအုံများ အရေးပေါ်လိုအပ်နေ

**မိုးကောင်း ဩဂုတ် ၁၇**

မိုးကောင်းမြို့နယ် နမ္မတီးမြို့ လမ်းခွကျေးရွာတွင် ယာယီဖွင့်လှစ်ထားရှိသော တိုက်ပွဲရှောင်စခန်းနှစ်ခုအတွက် အဆောက်အအုံများ အရေးပေါ်လိုအပ်လျက်ရှိသည်။



"အခုယာယီဖွင့်လှစ်ထားတဲ့ တိုက်ပွဲရှောင်စခန်းက ကက်သလစ်ဘုရားရှိခိုးကျောင်းမှာ ဖွင့်လှစ်ထားတာပါ။ ဘုရားကျောင်းဖြစ်တော့ နေထိုင်ဖို့ နေရာမရှိဘူး။ လောလောဆယ် ဘုရားကျောင်းရောက်လာတဲ့ပြည်သူတွေကို ဘုရားဝတ်ပြုကျောင်းနဲ့ အဆောက်အအုံနှစ်ခုမှာ စုပြီး ထားရတယ်။ လူကလည်း အရမ်းများတော့ နေရာမလုံလောက်ဘူး။ အိပ်ရင်လည်း ထိုင်ခုံမှာပဲ အိပ်နေရလို့ နေထိုင်နိုင်ဖို့ အရေးပေါ်အဆောက်အအုံလိုအပ်နေတယ်"ဟု ကက်သလစ်ဘုရားကျောင်း ယာယီတိုက်ပွဲရှောင်စခန်းကော်မတီဝင် ဦးခွန်ဂျတ်က ပြောသည်။

မိုးကောင်းမြို့နယ် နမ္မတီးမြို့နှင့် ၁၀ မိုင်ခန့်အကွာတွင် ဩဂုတ် ၁၁ ရက်က ကဆုန်ကျေးရွာအနီးတွင် တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ကဆုန်ကျေးရွာနှင့် ဇွပ်မိုင်ကျေးရွာမှ ပြည်သူများ တိမ်းရှောင်လာခဲ့ကြရာ ဩဂုတ် ၁၄ ရက်အထိ အဆိုပါ တိုက်ပွဲရှောင်စခန်းတွင် အိမ်ထောင်စု ၁၂၁ စု၊ လူဦးရေ ၅၅၂ ဦး နေထိုင်လျက်ရှိပြီး ကလေးငယ် ၈၀၊ ကိုယ်ဝန်ဆောင်မိခင် ရှစ်ဦး၊ နို့တိုက်မိခင် ၂၄ ဦး၊ မသန်စွမ်းသူ ၁၄ ဦး ရောက်ရှိနေကြောင်း သိရသည်။

ကက်သလစ်ယာယီတိုက်ပွဲရှောင်စခန်းတွင် အဆောက်အအုံ နည်းပါးပြီး လူဦးရေ ၅၀၀ ကျော်ရှိကာ တစ်နေရာတည်းတွင် စုပြုံပြီးနေထိုင်ရသည့်အတွက်ကြောင့် နေရာထိုင်ခင်းများ အလွန်အခက်အခဲဖြစ်နေကြောင်း ၎င်းက ပြောသည်။

ယင်းအပြင် ကချင်နှစ်ခြင်းအသင်းတော်ဘုရားကျောင်းတွင် ဩဂုတ် ၁၂ ရက်မှစပြီး ကဆုန်ကျေးရွာမှ အိမ်ထောင်စု ၁၂၂ စု၊ လူဦးရေ ၅၉၄ ဦး ရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရသည်။

"အရေးတကြီးလိုအပ်နေတာက အဆောက်အအုံပါ။ အခုနေတဲ့အဆောင်ထဲမှာပဲ လူ ၅၀၀ ကျော်လောက်ရှိနေတော့ ကြာလာရင် ကျန်းမာရေးထိခိုက်မှုတွေပါ ဖြစ်လာနိုင်ပါတယ်။ အဆောက်အအုံအပြင် တိုက်ပွဲရှောင်ပြည်သူတွေအတွက် စားဝတ်နေရေးနဲ့ ကျန်းမာရေးကအစ အများကြီးလိုအပ်နေသေးတယ်"ဟု နှစ်ခြင်းအသင်းတော်ဘုရားရှိခိုးကျောင်းယာယီတိုက်ပွဲရှောင်စခန်း သိက္ခာတော်ရဆရာတော် ဦးလရိန်က ပြောသည်။

တိုက်ပွဲရှောင်စခန်းနှစ်ခုတွင် ကဆုန်ကျေးရွာနှင့် ဇွပ်မိုင်ကျေးရွာနှစ်ခုမှ တိုက်ပွဲတိမ်းရှောင်လာသော အိမ်ထောင်စု ၂၄၃ စု၊ လူဦးရေ ၁၂၃၇ ဦး ရောက်ရှိနေထိုင်လျက်ရှိကြောင်း သိရသည်။

**(မင်းမင်းဦး)**



# တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ သတ်မှတ်ဖော်ဆောင်မည်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ လူအများသွားလာသည့်နေရာများ၊ အထင်ကရနေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က ပြောသည်။

အဆိုပါလုပ်ငန်းကို ဆောင်ရွက်ရန် ၂၀၁၃ ခုနှစ်မှစ၍ဆွေးနွေးမှုများနှင့် စည်းရုံးမှုများကို အဆင့်ဆင့်ပြုလုပ်ခဲ့ရာ ဩဂုတ်လ ၆ ရက်တွင် ပင်းတယဒေသအား ဆေးလိပ်ငွေ့ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ခဲ့ပြီး ထိုကဲ့သို့ သတ်မှတ်နိုင်ရန် အချိန်တစ်နှစ်ခန့် ယူခဲ့ရကြောင်း သိရသည်။

"မကြာခင် အင်းလေးဒေသနဲ့ ပုဂံဒေသတွေမှာ ဖော်ဆောင်သွားမယ်။ အဲဒါကိုအခြေခံပြီး မန္တလေး၊ မုံရွာ၊ မကွေး စတဲ့ နယ်မြေအလိုက် ဆောင်ရွက်သွားမယ်။ တန်ခိုးကြီးဘုရားတွေ၊ လူအများသွားတဲ့နေရာတွေ၊ နိုင်ငံခြားခရီးသည်တွေ သွားတဲ့နေရာတွေမှာ ပြုလုပ်သွားမှာပါ။"ဟု ဒေါက်တာသန်းစိန်က ပြောသည်။

ရန်ကုန်တွင် ကျောက်တံတားမြို့နယ် ဆူးလေဘုရားနှင့် ပတ်ဝန်းကျင်ရှိ မဟာဗန္ဓုလပန်းခြံ၊ ရုပ်ရှင်ရုံ အစရှိသည့်နေရာများမှာ ဆေးလိပ်ကင်းစင်နယ်မြေဖော်ဆောင်သွားမည်ဖြစ်ပြီး နောက်ပိုင်း Down Town မြို့နယ်ငါးမြို့နယ်အပါအဝင် ကျန်ရှိသည့်မြို့နယ်များတွင်လည်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေး၊ ပခုက္ကူနှင့် နယ်စပ်ဒေသများတွင် ဆေးလိပ်စက်ရုံများရှိပြီး လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်စသည့်နေရာများမှာ အများဆုံးရှိကြောင်း၊ ကုမ္ပဏီ ၁၂ ခုမှ ဆေးလိပ်အမျိုးအစားပေါင်း ၉၁ မျိုးထုတ်လုပ်ပြီး တစ်နှစ်လျှင် ဆေးလိပ် အလိပ်ပေါင်း ၁၀ ဘီလီယံခန့် ထုတ်လုပ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲမှုကြောင့် နှစ်စဉ် လူဦးရေခြောက်သန်း သေဆုံးနေကြရပြီး ထိုအထဲမှ ခြောက်သိန်းမှာ မိမိကိုယ်တိုင်သုံးစွဲခြင်းကြောင့်မဟုတ်ဘဲ တခြားသူသောက်သုံးသည့် ဆေးလိပ်ငွေ့ကြောင့် သေဆုံးရခြင်းဖြစ်သည်။ အဆိုပါ ခြောက်သိန်း၏ ၇၅ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းပို့ချ

**သီပေါ ဩဂုတ် ၁၇**

သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဌာနဆိုင်ရာအသီးသီးမှ ဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချခဲ့ကြပြီး ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်း၌ သီပေါမြို့နယ်စာရေးဆရာအသင်းမှ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အခြေခံဖွဲ့စည်းပုံ စည်းမျဉ်းများ၊ အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ သုတရသစာပေနှင့် သတင်းမီဒီယာဆိုင်ရာ အချက်အလက်များကို လာရောက်ဟောပြောပို့ချပေးခဲ့သည်။

ယခုသင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၁ ရပ်ကွက်အပါအဝင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၄ စီး၊ သွင်းကုန် ၅၂၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၁၄ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၆၂၃ သန်းခန့်) စုစုပေါင်းတားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၁၃၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၅ ရက်တွင် မူဆယ်သို့သွားရောက်မည့် ယာဉ်များကို သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ၁၉၆ မိုင် ၆ ဖာလုံ၊ ၁၉၇ မိုင် ၅ ဖာလုံနှင့် ၁၉၁ မိုင် ၇ ဖာလုံအနီး၌ ရပ်တန့်ထားသော Nissan Wingroad ယာဉ်တစ်စီး၊ Honda Odyssey ယာဉ်တစ်စီးနှင့် Fuso ၂၂ ဘီးတွဲယာဉ်တစ်စီးတို့ကို မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခေါင်းရွှေတုံး ၁၃၁ တုံး (၁၀ ဒသမ ၁၈၃၄ တန်)၊ ပိတောက်သစ်လုံး ခုနစ်လုံး (သုည ဒသမ ၈၇၄၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ ဒသမ ၇၃၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခေါင်းရွှေတုံး၊ ပိတောက်သစ်လုံးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

# စမ်းချောင်းမြို့နယ်ရှိ စတိုးဆိုင်အတွင်း ဝင်ရောက်လုယက်သူများကို ဖမ်းဆီးစစ်ဆေးရာမှ အခြားလုယက်မှုများ ထပ်မံပေါ်ပေါက်

**ရန်ကုန် ဩဂုတ် ၁၇**

စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်)ရပ်ကွက် စမ်းချောင်းလမ်းတွင် ဩဂုတ် ၁၁ ရက် နံနက် ၂ နာရီ မိနစ် ၄၀ ခန့်က g&g စတိုးဆိုင်အတွင်း ဝင်ရောက်သူ စည်သူလွင်၊ ဖိုးလပြည့်(ခ) အောင်ပြည့်မြတ်၊ အာယုကျော်နှင့် ကျော်ထူး(ခ)လှမျိုးနိုင်တို့ လေးဦးကို အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ပြီး စမ်းချောင်းမြို့မရဲစခန်းတွင် စစ်ဆေးဆောင်ရွက်ချက်အရ ယင်းနေ့ နံနက် ၁ နာရီခန့်က မရမ်းကုန်းမြို့နယ် အင်းစိန်လမ်းနှင့် ဦးရေခဲလမ်းထောင့်ရှိ g&g စတိုးဆိုင်သို့ဝင်ရောက်၍ အရောင်းဝန်ထမ်း အမျိုးသမီးနှစ်ဦးကို ဓားဖြင့်ထောက်ကာ ကောင်တာအံဆွဲအတွင်းမှ ငွေကျပ် ၉၈၀၀၀၊ Huawei အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ အမျိုးအစားမသိ လက်ကိုင်ဖုန်းတစ်လုံးနှင့် ရွှေလက်စွပ်တစ်ကွင်းတို့ကို လုယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်ကာ ထပ်မံအရေးယူဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိသူ စည်သူလွင်၊ ကျော်ထူး(ခ)လှမျိုးနိုင်အား စစ်ဆေးရာ ၎င်းတို့သည် ပြောင်ကြီး(ခ)ကျော်မျိုးဝေ၊ ရှောင်ပေါင်း (ခ)ဝေရှောင်ပေါင်း(ခ)ပြည့်ဖြိုးအောင်၊ ရဲတင့်ဆွေ(ခ)ဝက်ကြီးတို့နှင့်အတူ မတ် ၁၈ ရက် နံနက် ၄ နာရီခွဲခန့်က အလုံမြို့နယ် ဌာနရပ်ကွက် ငုဝါလမ်းထိပ်အနီးရှိ g&g စတိုးဆိုင်မှ ငွေကျပ် ၂၅၄၀၀၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ၊ Samsung Galaxy Note II အမျိုးအစား လက်ကိုင်ဖုန်းတို့အားလည်းကောင်း၊ ကျော်ထူး(ခ)လှမျိုးနိုင်၊ အာယုကျော်တို့နှစ်ဦးအား စစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ပြောင်ကြီး(ခ)ကျော်မျိုးဝေ၊ ဆိုးပေ(ခ) အောင်ဖြိုးကျော်၊ ဇင်ကိုထူး(ခ)အငယ်ကောင်(ခ)ဝက်ကြီးတို့နှင့်အတူ ဩဂုတ် ၁ ရက် နံနက် ၂ နာရီခန့်က မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ကျန်စစ်သားလမ်းရှိ g&g စတိုးဆိုင်မှ ငွေကျပ် ၃၅၀၀၀၀၊ Mi အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ Huawei G Play အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့အားလည်းကောင်း၊ ဖိုးလပြည့်(ခ) အောင်ပြည့်မြတ်အား စစ်ဆေးရာ ၎င်းသည် ဆိုးပေ(ခ) အောင်ဖြိုးကျော်၊ ရှောင်ပေါင်း(ခ)ဝေရှောင်ပေါင်း(ခ) ပြည့်ဖြိုးအောင်တို့နှင့်အတူ ဇူလိုင်လအတွင်းက မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ g&g စတိုးဆိုင်မှ ငွေကျပ် ၄၀၀၀၀၀၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံတို့အား လည်းကောင်း လုယက်ယူဆောင်ခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သည်။



ပြစ်မှုများကျူးလွန်ရာတွင် ပါဝင်ပြီး လွတ်မြောက်နေသူများအား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၂ ရက် နံနက် ၄ နာရီခွဲက ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ မရမ်းကုန်းမြို့နယ်နေသူများ ဖြစ်ကြသည့် ဇင်ကိုထူး(ခ)အငယ်ကောင်(ခ) ဝက်ကြီး၊ (၂၄)နှစ်၊ ရဲတင့်ဆွေ(ခ) ဝက်ကြီး၊ ပြောင်ကြီး(ခ)ကျော်မျိုးဝေ (၂၀)နှစ်တို့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီး လွတ်မြောက်နေသူ ရှောင်ပေါင်း(ခ)ဝေရှောင်ပေါင်း(ခ) ပြည့်ဖြိုးအောင်နှင့် ဆိုးပေ(ခ) အောင်ဖြိုးကျော်တို့နှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သူတစ်ဦးအား ယမန်နေ့ နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် တောင်ရင်းကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့နံနက် ၁၁ နာရီခန့်က အကြမ်းဖက်အဖွဲ့များနှင့်ပတ်သက်သူ ကွန်းခေါင်းကျေးရွာနေ မာမတ်ဆီဒိတ်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထည်ချုပ်စက်ရုံမှ ရေနွေးငွေ့ပိုက်ခေါင်း ပြုတ်ထွက်မှုကြောင့် ထိတ်လန့်မှုဖြစ်ပွား

**ကန်ကြီးထောင့် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ် (၄)ရပ်ကွက်ရှိ ဟွာမှုန်အထည်ချုပ်စက်ရုံတွင် ရေနွေးငွေ့ပိုက်ခေါင်းပြုတ်ထွက်မှုကြောင့် အထည်ချုပ်အမျိုးသမီးလုပ်သားများ ထိတ်လန့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကန်ကြီးထောင့်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ဟွာမှုန်အထည်ချုပ်စက်ရုံတွင် ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က အဝတ်အထည်များ မီးပူတိုက်သည့် ငါးမူးလက်မခန့်အရွယ်အစားရှိသော ရေနွေးငွေ့ပိုက်ခေါင်းပြုတ်ထွက်၍ ရေနွေးငွေ့များအပြင်သို့ ပန်းထွက်မှုကြောင့် အဆိုပါစက်ရုံတွင် အလုပ်လုပ်ကိုင်နေသော အမျိုးသမီးလုပ်သား ၂၇၂ ဦးတို့သည် ကြောက်လန့်၍ အဆောက်အအုံပြင်ပသို့ တိုးဝှေ့ထွက်ပြေးခဲ့ကြရာ အမျိုးသမီး ၁၁ ဦးသည် ထိတ်လန့်ကြောက်ရွံ့မှုကြောင့် ခေါင်းမူးခြင်း၊ ယိုင်လဲခြင်းများ ဖြစ်ပွားခဲ့သဖြင့် စက်ရုံမှတာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ချက်ချင်းပို့ဆောင်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းထိုက် (မြန်/ဆက်)**

# အမြန်လမ်းတွင် Cander ယာဉ်နှစ်စီး မတော်တဆဖြစ် နှစ်ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၁၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၁၂၆/၆)နှင့် (၁၂၆/၇)အကြားတွင် ယနေ့နံနက် ၁ နာရီခန့်က နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း သက်ဦး မောင်းနှင်လာသော ပန်းစည်းများ တင်ဆောင်လာသည့် Cander ခြောက်ဘီးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းရှေ့ကွန်ကရစ်အစပ်တွင် ဝဲဘက်ရှေ့ဘီးပေါက်၍ ရပ်တန့်ပြုပြင်နေသည့် ယာဉ်မောင်း အားစန်း မောင်းနှင်သည့် Cander ခြောက်ဘီးယာဉ်ကို ဝင်တိုက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ပန်းစည်းများ တင်ဆောင်လာသည့် Cander ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ သုံးဦးအနက် အမျိုးသားတစ်ဦး သေဆုံးပြီး ကျန်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဘီးပေါက်၍ လမ်းဘေးရပ်တန့်ပြင်နေသော Cander ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦးအနက် အမျိုးသားတစ်ဦး သေဆုံးပြီး ကျန်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူများကို ဘောဂကုန်းအမြန်လမ်း ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယာဉ်မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်းနှင့် အမြန်လမ်းမကြီးပေါ်တွင် ရပ်တန့်ခွင့်မရှိဘဲ ရပ်တန့်၍ ကားပြင်နေသည့် ယာဉ်မောင်းတို့အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# စတိုးဆိုင်အတွင်း ဝင်ရောက်လုယက်သူကို ချက်ချင်းဖမ်းဆီးရမိ

**ပဲခူး ဩဂုတ် ၁၇**

ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းအပိုင် ဥသာမြို့သစ်(၂)ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဘေးရှိ g&g အရောင်းဆိုင်တွင် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခန့်က လုယက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ရဲနှင့်ပြည်သူပူးပေါင်းဖမ်းဆီးမှုကြောင့် လုယက်သူကို ချက်ချင်းဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ g&g အရောင်းဆိုင်ငွေရှင်းကောင်တာသို့ အမျိုးသားတစ်ဦးသည် ငါးသေတ္တာတစ်ဘူးနှင့် အခြားပစ္စည်းတို့ကိုယူဆောင်၍ ကောင်တာ၌ ငွေရှင်းမည်ပြုပြီး အရိုးအသွား ခုနစ်လက်မခန့်ရှိ အနက်ရောင်ကျဉ်စက်ဖြင့် ဆိုင်ဝန်ထမ်းအမျိုးသမီးကိုထိုးပြီး ထွက်ပြေးသွားစဉ် အနီးဝန်းကျင်မှ ပြည်သူများနှင့် ရဲတပ်ဖွဲ့များဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ မေးမြန်းစစ်ဆေးရာ ပြစ်မှုကျူးလွန်သူမှာ ခန့်ဇော်မိုးဟိန်း(၁၈)နှစ် ဥသာမြို့သစ်(၆)ရပ်ကွက် ပဲခူးမြို့နေသူဖြစ်ကြောင်း သိရပြီး ပဲခူးမြို့ အမှတ်(၃)ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




# ရီးယဲလ်မက်ဒရစ်အသင်း စပိန်စူပါဖလား(၁၀)ကြိမ်မြောက် ဆွတ်ခူး

ရီးယဲလ်မက်ဒရစ်အသင်းသည် ၂၀၁၇ စပိန်စူပါဖလားပွဲစဉ်တွင် ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စပိန်စူပါဖလားကို (၁၀)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်စူပါဖလားပထမအကျော့ပွဲစဉ်တွင် အဝေးကွင်းသို့ သွားရောက်ကစားခဲ့ရသော်လည်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရပြီး ယင်းပြစ်ဒဏ်ကြောင့် ငါးပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသည်။

ယခုဒုတိယအကျော့ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် အိမ်ကွင်းဘာနေဗျူး၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် လေးမိနစ်တွင် သွင်းယူခဲ့ရသည့် အဆန်စီယို၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၃၉ မိနစ်တွင် သွင်းယူခဲ့သည့် ဘင်ဇီမာ၏ သွင်းဂိုးတို့ဖြင့် ဘာစီလိုနာအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် အဆန်စီယို၊ ဘင်ဇီမာ၊ လူးကတ်ဗက်စကွက်ဇ်၊ မိုဒရစ်၊ တိုနီခရုစ်၊ ကိုဗာစစ်၊ ကာဗာဂျယ်၊ မာဆယ်လို၊ ရာမို့စ်၊ ဗာရာနီ၊ ကေလာနားဗက် စသည့်ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဘာစီလိုနာအသင်းမှာမူ ဆွာရတ်ဇ်၊ မက်ဆီ၊ ဆာဂျီယိုဘတ်စကွက်၊ ရာကီတစ်၊ ဆာဂျီယိုရောဘတ်တို၊ ဂျော်ဒီအယ်လ်ဘာ၊ ဂိုမက်စ်၊ ပီကေး၊ မာရှေယာနို၊ အမ်တီတီ၊ တာစတီဂန် စသည့်ကစားသမားများကို ၃-၅-၂ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူးစီရိုနယ်လ်ဒို ပါဝင်လာခြင်းမရှိခဲ့သော်လည်း အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး အရန်ကစားသမားအဖြစ် ထားရှိခဲ့သည့် ဂါရတ်ဘေးလ်နှင့် အစ္စကိုတို့ကိုပင် ထည့်သွင်းအသုံးမပြုခဲ့ပေ။ ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး မက်ဆီသည်လည်း တိုက်စစ်မှူးနေမာ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် တိုက်စစ်ကိုပုံဖော်ရန်အခွင့်အလမ်းနည်းပါးသွားခဲ့ရခြင်းကြောင့် စပိန်စူပါဖလား နှစ်ကျော့ကစားခဲ့ရာတွင်လည်း တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ ယင်းသွင်းဂိုးသည်လည်း တိုက်စစ်မှူး မက်ဆီအနေဖြင့် ပင်နယ်တီသွင်းဂိုးကြောင့်သာ ရရှိခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တိုက်စစ်မှူး မက်ဆီသည် စပိန်စူပါဖလားပွဲစဉ်များတွင် သွင်းဂိုး ၁၃ ဂိုးအထိသွင်းယူထားနိုင်ခဲ့သည့် ခြေစွမ်းတစ်ရပ်ကို ပိုင်ဆိုင်ထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာမူ သွင်းဂိုး ၄ ဂိုးသာသွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

စပိန်စူပါဖလားသမိုင်းကြောင်း၌ ဆုဖလား(၁၂)ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှာမူ (၁၀)ကြိမ်အထိ ရယူထားကာ ဒုတိယဆုဖလားအများဆုံး ရယူထားနိုင်ခဲ့သည့် အသင်းလည်းဖြစ်သည်။


## ပေါင်သန်း ၄၀ ရရှိမှသာ ဒရင့်ဝါးတားကို ရောင်းချမည်ဟု လက်စတာစီးတီးအသင်း ပြောကြား

ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် လက်စတာစီးတီးကွင်းလယ်ကစားသမား ဒရင့်ဝါးတားအား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိနေပြီး လက်စတာစီးတီးအသင်းကမူ အဆိုပါကစားသမားအား ပေါင်သန်း ၄၀ ရရှိမှသာ ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒရင့်ဝါးတားသည် ပြီးခဲ့သည့် နွေရာသီကာလအတွင်းက လက်စတာစီးတီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့ပြီး အဆိုပါစာချုပ်သစ်ကြောင့် နောက်ထပ်လေးနှစ်ကြာ လက်စတာစီးတီးအသင်းတွင် ဆက်ရှိနေမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် မာတစ်အား မန်ယူသို့ ရောင်းချခဲ့ပြီးနောက် အသင်း၏ ကွင်းလယ်အတွက်အားဖြည့်ရန်စီစဉ်လျက်ရှိပြီး ဒရင့်ဝါးတားကိုလည်း ပေါင်သန်း ၃၀ အထိ တိုးမြှင့်ပေးရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ဒရင့်ဝါးတားကလည်း ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်းလည်း သိရသည်။



ငွေကြယ် - ရေးသားသည်

# အက်စ်တာနာအား ဆဲလ်တစ်က ငါးဂိုးပြတ်အနိုင်ရရှိ

ချန်ပီယံလိဂ် play-off ပွဲစဉ်၏ ပထမအကျော့ပွဲစဉ်အဖြစ် ဆဲလ်တစ်အသင်းနှင့် အက်စ်တာနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆဲလ်တစ်အသင်းက အက်စ်တာနာအသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဆဲလ်တစ်အသင်းသည် ၄-၂-၃-၁ ကစားဖြင့်လည်းကောင်း၊ အက်စ်တာနာအသင်းသည် ၄-၄-၁-၁ ကစားကွက်ဖြင့် လည်းကောင်း ပွဲထွက်လာခဲ့ပြီး ဆဲလ်တစ်အသင်းက တစ်ချိန်လုံးဖိအားပေးကစားနိုင်ခဲ့သည်။

ဆဲလ်တစ်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးအသီးသီးသွင်းယူနိုင်ခဲ့ပြီး အက်စ်တာနာအသင်းမှာမူ ချေပဂိုးပင်ပြန်လည်မသွင်းယူနိုင်ခဲ့ပေ။ ယင်းပွဲစဉ်တွင် ဆဲလ်တစ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၃၂ မိနစ်တွင် ပို့စ်နီကော့ဗ်၏ အမှားမှတစ်ဆင့်ရရှိခဲ့သည့်သွင်းဂိုး၊ ဆင်းကလဲယား၏ ၄၂ မိနစ်နှင့် မိနစ် ၆၀ တို့တွင် သွင်းယူခဲ့သည့်သွင်းဂိုးနှစ်ဂိုး၊ ပွဲကစားချိန် ၇၉ မိနစ်တွင် ဂျိမ်းစ်ဖောရက်၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၈၈ မိနစ်တွင် ရှီတော့ဗ်၏ အမှားမှတစ်ဆင့် ရရှိခဲ့သည့်သွင်းဂိုးတို့ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းသည် စကော့တလန်ပရီမီယာရှစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ဆုဖလား ၄၈ ကြိမ်အထိဆွတ်ခူးထားနိုင်သည့် အသင်းဖြစ်သည်။ ဆဲလ်တစ်အသင်းသည် ယခုပွဲစဉ်တွင် ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ဒုတိယအကျော့ပွဲစဉ်မယှဉ်ပြိုင်မီမှာပင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် သေချာနေပြီလည်းဖြစ်သည်။



အက်စ်တာနာအသင်းမှာမူ ကာဇက်စတန်ပရီမီယာလိဂ်ပြိုင်ပွဲတွင် ချန်ပီယံအသင်းအဖြစ် ရပ်တည်ထားနိုင်သည့်အသင်းဖြစ်ပြီး ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ တို့တွင် ချန်ပီယံအသင်းအဖြစ် သုံးနှစ်ဆက်တိုက် အောင်ပွဲခံထားသည့်အသင်းဖြစ်သည်။

သို့ရာတွင် ယခုပွဲစဉ်တွင် ငါးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ရမည့်အနေအထားတစ်ရပ်ကို ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

# ဒီလီအလီအား ရောင်းချမည်မဟုတ်ဟု စပါးအသင်း ပြောကြား

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနှင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတို့သည် စပါးကစားသမား ဒီလီအလီအား ခေါ်ယူရန်ပစ်မှတ်ထားနေသော်လည်း စပါးအသင်းကမူ အဆိုပါကစားသမား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဒီလီအလီသည် လက်ရှိတွင် အသက်(၂၁)နှစ်အရွယ်သာရှိသေးပြီး ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမားအနက်တစ်ဦးအပါအဝင်လည်းဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် မန်စီးတီးအသင်းတို့က အဆိုပါကစားသမားအား ခေါ်ယူရန်အတွက် အပြိုင်ကြိုးပမ်းလျက်ရှိပြီး စပါးအသင်းကမူ ဒီလီအလီ၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ပြောင်းရွှေ့ကြေးပေါင်သန်း ၁၅၀ ရရှိမည်ဆိုလျှင်တောင် ရောင်းချမည်မဟုတ်ကြောင်းပြောကြားခဲ့သည်။

တိုက်စစ်မှူးနေမာသည် ပီအက်စ်ဂျီသို့ ပေါင် ၁၉၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့်အပြင် မက်ပီသည်လည်း ပေါင်သန်း ၁၆၀ ဖြင့် ပြောင်းရွှေ့ဖွယ်ရှိနေခြင်းကြောင့် ဒီလီအလီကိုလည်း ပေါင်သန်း ၁၅၀ နှင့်အထက်ရရှိသင့်ကြောင်း စပါးအသင်းဥက္ကဋ္ဌလီဗိုင်းက ပြောကြားခဲ့သည်။

# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ခ) ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် စာပေအနုပညာလက်ရာများကို စုပေါင်း ခြင်း၊ စာပေအနုပညာလက်ရာများပါဝင်သည့် မူရင်းအချက်အလက်အစုအဝေးကို ဖတ်၍ရသည့်စက်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်းနှင့် မူရင်းရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကို စုပေါင်းခြင်း။

၁၃။ ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့တွင် မည်သို့ပင်ပါရှိစေကာမူ စာပေအနုပညာလက်ရာသည် အောက်ပါအချက်အလက်တစ်ရပ်ရပ်တွင် အကျုံးဝင်လျှင် မူပိုင်ခွင့်အတွက် အကာအကွယ် မရရှိစေရ -

(က) စိတ်ကူးစိတ်သန်း၊ လုပ်ထုံးလုပ်နည်း၊ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်း၊ သင်္ချာအတွေးအခေါ် အယူအဆ၊ အခြေခံမူ၊ ရှာဖွေတွေ့ရှိချက် သို့မဟုတ် အချက်အလက်များ၊

(ခ) သက်ဆိုင်ရာနေ့၏သတင်း သို့မဟုတ် ပုံနှိပ်ဖော်ပြထားသော သတင်းအချက်အလက်ဟု သတ်မှတ်နိုင်သော လက္ခဏာရှိသည့် အမျိုးမျိုးသော အချက်အလက်များ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများ၊

(ဃ) လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ၊ ညွှန်ကြားလွှာများ၊ အမိန့်ကြော်ငြာစာများ၊ ရှင်းလင်းချက်များနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ ညွှန်ကြားလွှာများ၊ ဦးစီးဌာန သို့မဟုတ် အခြားသော အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ထုတ်ပြန်စာများ၊

(င) တရားရုံးစီရင်ချက်များ၊ အမိန့်စာများ၊ စီရင်ချက်များနှင့် ဌာနဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ၊

(စ) ပုဒ်မခွဲ (ဂ)မှ (င)ပါ အချက်အလက်များအား ဘာသာပြန်ဆိုခြင်းနှင့် စုပေါင်းခြင်း။

**အခန်း (၈)**

**မူပိုင်ခွင့်သက်တမ်း**

၁၄။ စာပေအနုပညာလက်ရာများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်ခြင်း မရှိစေကာမူ-

(က) စီးပွားရေးဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည် -

(၁) မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့် နေ့ရက်မှ နှစ် ၅၀၊

(၂) ပူးတွဲမူလလက်ရာရှင်၏ စာပေအနုပညာလက်ရာဖြစ်ပါက နောက်ဆုံး မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ၎င်းကွယ်လွန်ပြီးသည့် နေ့ရက်မှ နှစ် ၅၀၊

(၃) အသုံးချအနုပညာလက်ရာမှတစ်ပါး အခြားစုပေါင်းလက်ရာနှင့် အရုပ်အသံလက်ရာတို့ဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာ နေ့ရက်မှ နှစ် ၅၀၊

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ထုတ်ဝေပြီးဖြစ်သည့် စာပေအနုပညာလက်ရာဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ်စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာ နေ့ရက်မှ နှစ် ၅၀၊ သို့ရာတွင် အဆိုပါ သက်တမ်းမကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ထင်ရှားခဲ့ပြီးဖြစ်ပါက ဤပုဒ်မခွဲ၏ ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့တွင် ဖော်ပြသည့်ကာလ၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်း၏ စာပေအနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ပထမမူပိုင်ခွင့်ပိုင်ရှင်အဖြစ် စာပေအနုပညာလက်ရာကို စတင်ဖန်တီးခြင်း၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာ နေ့ရက်မှ နှစ် ၅၀၊

(၆) အသုံးချအနုပညာလက်ရာဖြစ်ပါက ယင်းလက်ရာပြုလုပ်သည့်နေ့ရက်မှ ၂၅ နှစ်၊

(ခ) ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်းသည် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့် နေ့ရက်မှ အကန့်အသတ်မရှိ ကာလအထိ ဖြစ်သည်။

(ဂ) ပုဒ်မခွဲ(က)ပါ ကုန်ဆုံးမည့် ကာလသက်တမ်းကို အခြားနည်းဖြင့် ဖော်ပြထားခြင်းမရှိပါက ထိုသက်တမ်းကုန်ဆုံးမည့် နှစ်တစ်နှစ်၏ နောက်ဆုံးနေ့ရက်အထိ ဖြစ်သည်။

**အခန်း (၉)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ**

၁၅။ ဤဥပဒေ၏ အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် အောက်ဖော်ပြပါ ပြုလုပ်မှုများကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေရမည် -

(က) မူပွားခြင်း၊

(ခ) ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်း၊ အခြားနည်းဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊

(ဂ) မူရင်း သို့မဟုတ် မိတ္တူကို ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပိုင်ဆိုင်မှုကို လွှဲပြောင်းခြင်းဖြင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

ခြွင်းချက်။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကိုလွှဲပြောင်းထားပြီးသော စာပေအနုပညာလက်ရာ မူရင်း သို့မဟုတ် မိတ္တူအပေါ်တွင် ဖြန့်ချိသည့် အခွင့်အရေးကို မရရှိစေရ။

(ဃ) ကွန်ပျူတာပရိုဂရမ်၊ အရုပ်အသံလက်ရာ၊ ဖိုနိုဂရမ်တွင် ထည့်သွင်းထားသည့် စာပေအနုပညာလက်ရာ၊ အချက်အလက်အစုအဝေး သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့်ဂီတလက်ရာတို့၏ မူရင်း သို့မဟုတ် မိတ္တူကိုအများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

ခြွင်းချက်။ သို့ရာတွင် ငှားရမ်းခြင်း၌ ကွန်ပျူတာပရိုဂရမ်သည် ငှားရမ်းခြင်း၏ အဓိကအချက်မဟုတ်ပါက အခကြေးငွေဖြင့် ငှားရမ်းခြင်း၏ အခွင့်အရေးနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(င) အများပြည်သူအား ဖျော်ဖြေခြင်း၊

(စ) ထုတ်လွှင့်ခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

၁၆။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေ အခန်း(၁၂) ပါပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၁၇။ မူလလက်ရာရှင်သည် စာပေအနုပညာလက်ရာနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၅ ပါ အခွင့်အရေးများကို ပိုင်ဆိုင်ခြင်းမရှိစေကာမူ အောက်ဖော်ပြပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများကို သီးသန့်အခွင့်အရေးအဖြစ် ရရှိစေရမည် -

(က) အများပြည်သူအသုံးပြုသည့် စာပေအနုပညာလက်ရာ မိတ္တူများပေါ်တွင် မိမိ၏အမည်ကို ထင်ရှားပေါ်လွင်စွာ ဖော်ပြခွင့် အခွင့်အရေး၊

(ခ) အများပြည်သူအသုံးပြုသည့် စာပေအနုပညာလက်ရာမိတ္တူများပေါ်တွင် မူလက အမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြထားလျှင် ယင်းအမည်ဝှက်၊ အမည်ပွားဖော်ပြခွင့် အခွင့်အရေး၊

(ဂ) စာပေအနုပညာလက်ရာနှင့်စပ်လျဉ်း၍ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကိုထိခိုက်စေရန် တစ်နည်းနည်းဖြင့် မူလပုံပန်းသဏ္ဌာန်နှင့် အနှစ်သာရပျက်စေခြင်း၊ ချို့ယွင်းစေခြင်း သို့မဟုတ် ပြုပြင်ခြင်းကိုသော်လည်းကောင်း၊ ယုတ်လျော့သေးသိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကိုသော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့် အခွင့်အရေး။

၁၈။ မူလလက်ရာရှင်သည် -

(က) သက်ရှိထင်ရှားရှိပါက ပုဒ်မ ၁၇ ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို လွှဲပြောင်းခွင့် မရှိစေရ။

(ခ) ကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာဖြင့် တရားဝင် အမွေဆက်ခံသူကဖြစ်စေ၊ မူလလက်ရာရှင်နှင့်သက်ဆိုင်သည့် ဥပဒေအရ အမွေဆက်ခံသူကဖြစ်စေ ပုဒ်မ ၁၇ ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို အရေးဆိုပိုင်ခွင့်ရှိသည်။

(ဂ) သီးသန့်အသုံးပြုမှုများအတွက် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးကို စွန့်လွှတ်နိုင်သည်။ ယင်းသို့စွန့်လွှတ်ကြောင်းကို စာဖြင့်ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။

**အခန်း (၁၀)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မူလပိုင်ရှင်အဖြစ်ရရှိသူ**

၁၉။ စာပေအနုပညာလက်ရာကို ဖန်တီးသည့် မူလလက်ရာရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင်ဖြစ်ရမည်။ သို့ရာတွင် -

(က) ပူးတွဲမူလလက်ရာရှင်များ၏ စာပေအနုပညာလက်ရာဖြစ်ပါက -

(၁) ပူးတွဲမူလလက်ရာရှင်များသည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်များ ဖြစ်ရမည်။

(၂) ပူးတွဲမူလလက်ရာရှင်၏ လက်ရာတစ်ခုတွင် သီးခြားစီအသုံးပြုနိုင်သည့် အပိုင်းများပါဝင်ပြီး အပိုင်းတစ်ခုချင်းစီ၏ မူလလက်ရာရှင်ကို ခွဲခြားသတ်မှတ်နိုင်ပါက ထိုသူဖန်တီးသည့် အပိုင်းအတွက် စီးပွားရေးဆိုင်ရာ အခွင့်အရေး၏ မူလပိုင်ရှင် ဖြစ်ရမည်။

(ခ) အရုပ်အသံလက်ရာဖြစ်ပါက -

(၁) ထုတ်လုပ်သူသည် အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင် ဖြစ်ရမည်။

(၂) အရုပ်အသံလက်ရာ၏ ပူးတွဲမူလလက်ရာရှင်များနှင့် အရုပ်အသံလက်ရာ ပြုလုပ်ရေးအတွက် မူလကပင်ရှိထားပြီးဖြစ်သော အရုပ်အသံဆိုင်ရာ လက်ရာများပါဝင်သည့် သို့မဟုတ် မှီငြမ်းပြုခြင်းခံထားရသည့် မူလလက်ရာရှင်များသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများအတွက် သော်လည်းကောင်း၊ အသုံးပြုထားသည့် မူလကပင်ရှိထားပြီးဖြစ်သော အရုပ်အသံလက်ရာများအတွက် သော်လည်းကောင်း အရုပ်အသံလက်ရာမှ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို သီးခြားစီ ရရှိရမည်။

(၃) ပုဒ်မခွဲငယ်(၂) အရ ရရှိသော စီးပွားရေးဆိုင်ရာ အခွင့်အရေးများသည် အရုပ်အသံလက်ရာတွင် ယင်းတို့၏ပါဝင်ဆောင်ရွက်ထားသမျှ သို့မဟုတ် မူလကပင်ရှိထားပြီးဖြစ်သော အရုပ်အသံဆိုင်ရာ လက်ရာပါရှိသမျှသာရရှိရမည်။

(ဂ) စုပေါင်းလက်ရာဖြစ်ပါက စာပေအနုပညာလက်ရာကို ဦးစီးဦးဆောင်ပြုသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် စီးပွားရေးဆိုင်ရာ အခွင့်အရေး၏ မူလပိုင်ရှင် ဖြစ်ရမည်။

(ဃ) ဓာတ်ပုံလက်ရာဖြစ်ပါက -

(၁) မူလဖန်တီးရိုက်ကူးသည့် ဓာတ်ပုံဆရာသည် စီးပွားရေးဆိုင်ရာအခွင့် အရေးများ၏ မူလပိုင်ရှင် ဖြစ်ရမည်။

(၂) ဓာတ်ပုံဆရာသည် အခြားတစ်စုံတစ်ယောက်၏စာဖြင့် ရေးသားထားသော သီးခြားသဘောတူညီချက်ဖြင့် အဖိုးအခယူ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါသဘောတူညီချက်မှာ ဆန့်ကျင်ကွဲလွဲမှုမရှိခဲ့လျှင် ဓာတ်ပုံလက်ရာကို ဖန်တီးရန်စေခိုင်းသူမှာ စီးပွားရေးဆိုင်ရာအခွင့်အရေးများ၏ မူလပိုင်ရှင် ဖြစ်ရမည်။

(င) စာပေအနုပညာလက်ရာကို ဖန်တီးရန် အလုပ်ရှင်နှင့် အလုပ်သမားတို့၏ သဘောတူညီချက်အရဖြစ်စေ၊ ထိုသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ လုပ်ခလစာဖြင့် အလုပ်ခန့်ထားသော အလုပ်သမားဖြစ်သူက အလုပ်ချိန်အတွင်း စာပေအနုပညာလက်ရာကို ဖန်တီးခြင်းဖြစ်ပါက အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် အလုပ်ရှင်သည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

ရှင်းလင်းချက်။ အလုပ်ရှင်ဆိုရာတွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

၂၀။ မူလလက်ရာရှင်နှင့် ၎င်းကို ကိုယ်စားပြုသူနှင့် စပ်လျဉ်း၍ -

(က) စာပေအနုပညာလက်ရာတစ်ရပ်ရပ်တွင် မူလလက်ရာရှင်က အသုံးပြုနေကျ အမည်ဖြင့်ဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ဖော်ပြချက်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲသည့်အထောက်အထားမရှိလျှင် သို့မဟုတ် သံသယဖြစ်ဖွယ်ရာ မရှိလျှင် ယင်းပုဂ္ဂိုလ်ကို စာပေအနုပညာလက်ရာ၏ မူလလက်ရာရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အမည်ဝှက်၊ အမည်ပွား သို့မဟုတ် အမည်မဖော်ပြသည့် စာပေအနုပညာလက်ရာတွင် -

(၁) ထုတ်ဝေသူ၏အမည်ပေါ်လွင်သည့်အပြင် ဆန့်ကျင်ကွဲလွဲသည့် အထောက်အထားမရှိပါက ထုတ်ဝေသူသည် မူလလက်ရာရှင်ကို ကိုယ်စားပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ ရရှိရမည်။

(၂) မူလလက်ရာရှင် မည်သူမည်ဝါဟု ထင်ရှားပေါ်ပေါက်လာပါက ပုဒ်မခွဲငယ် (၁)ပါ အခွင့်အရေးသည် ရပ်စဲပြီးဖြစ်ရမည်။

**အခန်း (၁၁)**

**စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်များ**

၂၁။ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင် အသုံးပြုရေးအတွက် ထုတ်ဝေပြီးသော စာပေအနုပညာလက်ရာ၏ မိတ္တူတစ်ခုကို အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ မူပွားခြင်းပြုနိုင်သည်။ ထိုသို့မူပွားခြင်းပြုရာတွင် စာပေအနုပညာလက်ရာတစ်ခုခုကို သာမန်အသုံးပြုမှုနှင့် မဆန့်ကျင်စေမည့် သို့မဟုတ် အခွင့်အရေးရရှိသူတစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော်ကန်သော အခြားနည်းဖြင့် ထိခိုက်ခြင်း မရှိသည့် မူပွားခြင်းဖြစ်ရမည်။ သို့ရာတွင် ဤကင်းလွတ်ချက်သည် အောက်ပါအချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) အဆောက်အအုံ သို့မဟုတ် အခြားဆောက်လုပ်မှုပုံစံ ဗိသုကာလက်ရာကို မူပွားခြင်း၊

(ခ) စာအုပ် သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာတစ်ခုလုံးကိုဖြစ်စေ၊ အဓိကအပိုင်းကိုဖြစ်စေ မူပွားခြင်း၊

(ဂ) အချက်အလက်အစုအဝေး တစ်ခုလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ဒစ်ဂျစ်တယ်ပုံစံဖြင့် မူပွားခြင်း၊

(ဃ) ပုဒ်မ ၂၇ တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိသော ကွန်ပျူတာ ပရိုဂရမ်ကိုမူပွားခြင်း။

၂၂။ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ အောက်ပါအချက်များနှင့် ညီညွတ်ပါက စာပေအနုပညာလက်ရာအား ယာယီမူပွားခြင်းကို ခွင့်ပြုရမည် -

(က) စာပေအနုပညာလက်ရာကို ဒစ်ဂျစ်တယ်ပို့လွှင့်သည့် လုပ်ငန်းစဉ်ပြုလုပ်ရာတွင် ဖြစ်စေ၊ ဒစ်ဂျစ်တယ်နည်းဖြင့် သိမ်းဆည်းထားသည့် စာပေအနုပညာလက်ရာအား ထင်ရှားစွာသိမြင်နိုင်စေရန် ပြုလုပ်ရာတွင်ဖြစ်စေ မူပွားခြင်း၊

ဆက်လက်ဖော်ပြပါမည်။

# နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူးရုံးသစ်ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးရုံးသစ်ဖွင့်ပွဲအခမ်းအနား ကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်း ရှိ အဆိုပါရုံးသစ်၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် (ဆောက်လုပ်ရေး၊ စီမံ-ဘဏ္ဍာ၊ လျှပ်စစ်-စွမ်းအင် နှင့် စက်မှုကဏ္ဍများတာဝန်ခံ) ဦးတင်ထွဋ်မှုက နေပြည်တော်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အသစ်ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူ များ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာများ အတွင်း လမ်းတံတားများပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ပိုမိုအရှိန် အဟုန်မြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

ကျေးရွာများ၏ ထုတ်ကုန်များအတွက် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ် သက်သာပြီး ဈေးကွက်အတွင်းသို့ အချိန်နှင့်တစ်ပြေးညီချောမောစွာ ရောက်ရှိစေ ရန်၊ ကျေးလက်နေပြည်သူများအနေဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကို ကျေးလက် လမ်းကွန်ရက်များအသုံးပြု၍ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ပေးနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြား သည်။

ထို့နောက် အဆိုပါရုံးသစ်အား နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်မှုနှင့် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးခိုင်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြ ပြီး ရုံးအဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(ရွှေကုက္ကို)**

# မတ္တရာမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်

**မတ္တရာ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာ မြို့နယ်အမှတ်(၅)ရပ်ကွက်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် ကျန်းမာရေးဦးစီးဌာန မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဩဂုတ် ၁၇ ရက် အဆိုပါရပ်ကွက်ရှိ ချမ်းသာရ ဘုရားဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေး ဌာန ဆရာမကြီး ဒေါ်ခင်ကြည်က လက်ကိုစနစ်တကျ ဆေးနည်း၊ အာဟာရဖြစ်စေသောအစားအစာများ အကြောင်း၊ အိုင်အိုဒင်းဆား စားသုံးမှုများ၊ ဗီတာ မင်ဆေးများတိုက်ကျွေးရခြင်းအကြောင်း၊ ကာကွယ် ဆေးများလာရောက်ထိုးနှံ၊ တိုက်ကျွေးပါက ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် မိခင်များ အနေဖြင့် မပျက်ကွက်လာရောက်တိုက်ကျွေးဖို့ လိုအပ်ကြောင်း ဟောပြောခဲ့ပြီး အသက်(၆)လမှ (၅) နှစ်အောက် ကလေးငယ်များအား ဗီတာ မင် (A)ဆေးများ၊ သန်ချဆေးများတိုက်ကျွေးခြင်း၊ အာဟာရမှုန့်များ အခမဲ့ပေးဝေခြင်း၊ ကိုယ်အလေး ချိန်စစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ပြီး ကလေးငယ် များနှင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများအား အာဟာရအစားအစာများအဖြစ် ကြက်ဥ၊ ပေါင်မုန့်၊ ငှက်ပျောသီးနှင့် အိုင်အိုဒင်းဆားများကို ပေးအပ်ခဲ့ သည်။



အဆိုပါ အာဟာရ ရက်သတ္တပတ် လှုပ်ရှား ဆောင်ရွက်မှုတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းမှ တာဝန်ရှိသူများ၊ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းဆောင် ရွက်ခဲ့ကြကြောင်းသိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မန္တလေး–ညောင်ဦးရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်း ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်မည်

**မန္တလေး ဩဂုတ် ၁၇**

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းမှ Component(အစိတ်အပိုင်း)သုံးခုအနက်မန္တလေး- ညောင်ဦးရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းကို ၂၀၁၈ ခုနှစ်တွင်စတင်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း Component -3 ဒါရိုက်တာ ရေအရင်းအမြစ် နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်ထံမှ သိရ သည်။

“ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေ အရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေ ကမ္ဘာ့ဘဏ်ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းအောက်ရှိ Component-3 က မန္တလေးကနေညောင်ဦးအထိ ရေလမ်းကြောင်းမွန်ရေးကိုဆောင်ရွက်ပါတယ်။ ၂၀၁၈ ခုနှစ်ထဲမှာအကောင်အထည်ဖော်မှာပါ။ ရေနည်းချိန် မှာ လုပ်ပါမယ်” ဟုဥင်းကပြောသည်။

အဆိုပါစီမံကိန်းတွင်ရေအရင်းအမြစ်ဘက်စုံစီမံ ခန့်ခွဲမှုအဖွဲ့အစည်းများအထောက်အကူပြုစနစ်များ နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းစဉ်(၁) အတွက်ဒေါ်လာ ၃၂ သန်း၊ မိုးဇလစောင့်ကြည့်အကဲ ခတ်ခြင်းနှင့် သတင်းအချက်အလက်စနစ်များခေတ်မီ စေခြင်းလုပ်ငန်းစဉ်(၂)အတွက် ဒေါ်လာ ၃၀ ဒသမ ၁၅ သန်းနှင့်ဧရာဝတီမြစ်အတွင်းမန္တလေးမှညောင်ဦး အထိ ရေကြောင်းသွားလာမှုမြှင့်တင်ခြင်းလုပ်ငန်းစဉ် (၃)အတွက် ဒေါ်လာ ၃၇ ဒသမ ၈၅ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ မြန်မာနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုတွင်အသုံးပြုရန်လုပ်ငန်းစဉ် တိုင်းမှ အဆိုပါသန်း ၁၀၀ ၏ ငါးရာခိုင်နှုန်းကို အချိုး ကျဖြင့် ပြန်လည်ပေးရမည်ဖြစ်ကြောင်း ဥင်းထံမှသိရ သည်။

“ကျွန်တော်တို့ ယနေ့အချိန်မှာ ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်တွေမှာဆိုရင် နေ့ခင်းဘက်တွေမှာပဲသွား လာနိုင်ပါသေးတယ်။ ညဘက်မှာရေကြောင်းကို အသုံးပြုလို့မရသေးပါဘူး။ ဒါ့ကြောင့် ကျွန်တော် တို့အနေနဲ့ နေ့ရောညပါသွားလာနိုင်တဲ့ ၂၄ နာရီရေ လမ်းရရှိစေရေးအတွက် ဧရာဝတီမြစ် မန္တလေးကနေ ညောင်ဦးအထိ အချိန်မရွေးလုံခြုံစိတ်ချစွာ သွားလာ နိုင်ဖို့ ရေလမ်းပြအမှတ်အသားတွေ တပ်ဆင်ခြင်းနဲ့ ရေလမ်းထိန်းအဆောက်အအုံတွေလည်း ဆောင်ရွက် သွားမှာဖြစ်ပါတယ်” ဟု မန္တလေးမြို့ဟိုတယ်မန္တလေး ၌ ဩဂုတ် ၄ ရက်က ကျင်းပခဲ့သည့် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်ဆန်းစစ်ခြင်း အများပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ဒါရိုက်တာဦးအောင်မျိုးခိုင်က ပြောသည်။

လက်ရှိတွင်မန္တလေး-ညောင်ဦးရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အင်ဂျင် နီယာ ဒီဇိုင်းများရေးဆွဲခြင်းအတွက် နယ်သာလန် အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် Royal Haskoning DHVကုမ္ပဏီမှဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုအခြေအနေ များကို နိုင်ငံတကာပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးကုမ္ပဏီ ICEM က လေ့လာဆန်းစစ်ခြင်းဖြစ် သည်။

“ဧရာဝတီမြစ်ဟာသဲနုန်းပို့ချမှုက ကမ္ဘာမှာ ပဉ္စမ မြောက် အများဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့ဌာန အနေနဲ့မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ၁၉၇၂ ခုနှစ်ကတည်းက နိုင်ငံတော်ရဲ့ခွဲဝေရရှိတဲ့ ဘဏ္ဍာငွေနဲ့ ထိန်းသိမ်းလာခဲ့တဲ့နေရာမှာ ထိထိ ရောက်ရောက် ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့ပါဘူး။ မြစ် ကြောင်းတစ်လျှောက်ရဲ့အချို့နေရာတွေမှာ ကမ်းပြို ခြင်း ရေလမ်းကျပ်တည်းခြင်းတွေလက်ရှိဖြစ်ပေါ်နေ တာတွေ့ရပါတယ်” အဆိုပါပွဲတွင် ဥင်းကဆက်လက် ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းအားကမ္ဘာ့ဘဏ်မှအတိုးနှုန်းမရှိ ချေးပေးခြင်းဖြစ်ကာ ဆိုင်းငံ့ကာလ ခြောက်နှစ်ဖြစ်၍ ပြန်ဆပ်ချိန်မှာ ၃၂ နှစ်ဖြစ်ပြီး စီမံကိန်းကာလမှာ ငါးနှစ်ဖြစ်ကာ ၂၀၁၅ ခုနှစ် မေ ၃ ရက်တွင် ကမ္ဘာ့ ဘဏ်နှင့်ဘဏ္ဍာရေးဆိုင်ရာသဘောတူညီချက်ရရှိခဲ့ ပြီး ယင်းနှစ်ဒီဇင်ဘာလတွင် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

“လူအများသိထားတာက ဧရာဝတီမြစ်ဟာ မြန်မာ နိုင်ငံရဲ့ အသက်သွေးကြောမြစ်လို့သိထားကြတယ်။ ဒီမြစ်ပေါ်မှာဘယ်စီမံကိန်းလုပ်လုပ်သိပ်မကြိုက်ကြ ဘူး။ စီမံကိန်းဆိုတာ ကောင်းတဲ့စီမံကိန်းရှိသလို ဆိုးတဲ့ စီမံကိန်းလည်းရှိပါတယ်။ တစ်ဖက်ကရေကြောင်း ကောင်းသွားသလို တစ်ဖက်က ပတ်ဝန်းကျင်ထိခိုက်မှု ရှိလာတယ်။ ရေကြောင်းလည်းကောင်းမယ်ပတ်ဝန်း ကျင်ထိခိုက်မှုတွေလည်း တတ်နိုင်သမျှနည်းအောင် လုပ်မယ်ဆိုရင် ဒီစီမံကိန်းကောင်းတယ်လို့ ဆရာတို့က ထောက်ခံဆွေးနွေးခဲ့တာပါ” ဟု အဆိုပါ တွေ့ဆုံ ဆွေးနွေးပွဲတွင်မြန်မာနိုင်ငံအထက်ပိုင်း မြန်မာ့ပထဝီ ဝင်အသင်း(အဖွဲ့ဝင်)ဒေါက်လှကျော်ကပြောသည်။

ဧရာဝတီမြစ်သည် စုစုပေါင်းမြစ်ဝှမ်းဧရိယာ စတုရန်းကီလိုမီတာ ၄၁၄၀၀၀ ကျော် ကျယ်ဝန်းကာ ရေကြောင်းသွားလာနိုင်မှုအနေဖြင့် အလျား ၂၁၇၀ ကီလိုမီတာရှည်လျားပြီး ယင်းမြစ်၏မြစ်ဝှမ်းဒေသ အတွင်း မြို့ပေါင်း ၂၁၅ မြို့နှင့်ကျေးရွာပေါင်း ၃၁၆၁ ရွာမှီတင်းနေထိုင်လျက်ရှိကြောင်း အဆိုပါဌာန၏ မှတ်တမ်းများအရသိရသည်။ **(နဒီလှိုင်း)**

# ပြည်ပဝယ်လိုအားကြောင့် ကုလားပဲဖြူကြီး (V2)နှင့် (V7)ဈေးနှုန်းများအဆမတန်မြင့်တက်

**မန္တလေး ဩဂုတ် ၁၇**

ပြည်တွင်းလက်ကျန်နည်းပါးချိန်တွင် အိန္ဒိယနိုင်ငံမှ ဝယ်လိုအား ကြောင့် ကုလားပဲဖြူကြီး(V2)နှင့် (V7)ဈေးနှုန်းများ အဆမတန်မြင့် တက်လာကြောင်း မန္တလေးမြို့ပဲဈေးကွက်မှ သိရသည်။

“ဒီပဲအမျိုးအစားတွေက ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်ရင် အထွက်နှုန်းက လည်း နည်းတဲ့အပြင် လက်ကျန်ကလည်း မရှိသလောက် ဖြစ်နေတဲ့ အချိန်ဆိုတော့ ဝယ်လိုအားပေါ်မှုတည်ပြီး ဈေးက မကြုံစဖူးမြင့်တက် သွားတယ်။ V2ထက် V7က ပိုပြီး သိသိသာသာဈေးတက်သွားတယ်။ လက်ရှိအချိန်မှာ ဈေးကောင်းပေးပြီး ဝယ်နေပေမယ့် တက်မယ့် ဈေးကိုမျှော်ပြီး လှောင်သမားတွေနဲ့ ကုန်သည်တွေ ထိန်းပြီး ရောင်းနေ ကြတယ်။ သေချာတာကတော့ သတင်းကျွတ်မှာ ပြန်စိုက်ဖို့ မျိုးပြန် ဝယ်ချိန်မှာ တောင်သူတွေအတွက် ဈေးတက်မှာကိုတော့ စိတ်ပူမိ တယ်” ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

အဆိုပါ ပဲအမျိုးအစားများမှာ ပေါ်ကာစ မတ်လအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ၁၀၅၀၀၀ ဝန်းကျင်ဖြင့် အဖွင့်ဈေးရှိခဲ့ရာမှ တရိပ်ရိပ်တက်လာကာ ဇူလိုင်လကုန်ပိုင်းတွင် V2 မှာ ၁၃၀၀၀၀ ကျပ်နှင့် V7 မှာ ၁၄၅၀၀၀ ကျပ်အထိ ရောက်ရှိဈေးငြိမ်နေပြီး ယခု ဩဂုတ် ၁၆ ရက်တွင် V2 မှာ ကျပ် ၁၃၅၀၀၀နှင့် V7 မှာ ၁၆၀၀၀၀ ကျပ်အထိ မြင့်တက်လာကြောင်း သိရသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ ၎င်းပဲအမျိုးအစားများအား မုံရွာ၊ ပခုက္ကူ၊ မြင်းခြံနှင့် ရွှေဘိုမြို့နယ်များမှ လက်ကျန်လှောင်သမား များသာ တင်ပို့ရောင်းချလျက်ရှိပြီး မန္တလေးမြို့ခံလှောင်သမားများ နှင့် ကုန်သည်များအနေဖြင့် တက်ရိပ်ကို မျှော်ကိုး၍ စောင့်ကြည့်နေ ကြောင်း ၎င်းကဆက်လက်ပြောသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြို့မဈေးကျူးကျော်ဆိုင်များနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများစစ်ဆေး

**ကျောက်ဆည် ဩဂုတ် ၁၇**

ကျောက်ဆည်မြို့မဈေးကြီးသည် ကျောက်ဆည်မြို့နေသူနှင့် ဒေသခံပြည်သူများ၏ အားထားရသော မြို့မဈေးကြီးဖြစ်သောကြောင့် ဈေးကြီး၏အင်္ဂါရပ်နှင့် အညီဆောင်ရွက်နေပြီဖြစ်သည်။

ယခင်ကမြို့မဈေးကြီးအပြင်ဘက်မျက်နှာစာတိုက်ခန်းများမှလူသုံးကုန်ပစ္စည်းအမျိုးမျိုး ပလက်ဖောင်း ပေါ်တွင်ရောင်းချခြင်း၊ စည်းကမ်းမဲ့ကုန်စိမ်းသည်များ လမ်းမပေါ်တွင်ရောင်းချခြင်းနှင့်ယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်းတို့ကြောင့် ခရီးသွားပြည်သူများနှင့်ဈေးဝယ်လာသူများခက်ခဲလျက်ရှိကြောင်း သိရသည်။ ယခုအခါအမှတ်(၉၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျောက်ဆည်)တပ်ဖွဲ့စုမှူးဒုရဲမှူးနှင့် ခင်မောင် မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ယာဉ်စည်းကမ်းကြီးကြပ်မှု ကော်မတီဝင်များပူးပေါင်း၍မြို့မဈေးကြီးသန့်ရှင်းသာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် ယာဉ်စည်းကမ်းလိုက်နာစေရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ခင်မောင်လွင်(ကျောက်ဆည်)**

# ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲကျင်းပ

**မင်းဘူး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ မြို့နယ် ကြက်ခြေနီအသင်းခွဲမှူးကြီးမှူးဖွင့်လှစ်သော ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ မြို့နယ်တပ်ဖွဲ့ မှူး ဦးတင်ညွှန့်က အဖွင့်အမှာစကားပြောကြားရာတွင် ရှေးဦးပြုစုခြင်း ဆိုင်ရာ အခြေခံသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်း လင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့သည်။ ထို့နောက် မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးကော်မတီဥက္ကဋ္ဌ ဆရာဦးခင်မောင်ဆင့်က မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့သို့ တိုင်းရင်းဆေးဝါးများကို လှူဒါန်းခဲ့ ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မင်းဘူးမြို့အထက(၁)ကျောင်းမှ သင်တန်း သား သင်တန်းသူ ၁၅၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၉ ရက်မှ ၁၅ ရက်ထိ ရှေးဦးပြုစုခြင်းဆိုင်ရာ အခြေခံဘာသာ ရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **မျိုးမြတ်**

## မုံရွာတက္ကသိုလ်တွင် ရာသီတုပ်ကွေးရောဂါ (H1N1)နှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးဟောပြော

**မုံရွာ ဩဂုတ် ၁၇**

လတ်တလောဖြစ်ပွားလျက်ရှိသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)Pdm-09 နှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ် (ဘီ)ဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသံလွင်ထွန်းက တစ်နိုင်ငံလုံးတွင် ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)Pdm-09 ဖြစ်ပွားမှု အခြေအနေနှင့် တိုင်းဒေသကြီးအတွင်း ဖြစ်ပွားမှု၊ သေဆုံးမှု အခြေအနေများကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မုံရွာတက္ကသိုလ်သို့ လက်ဆေးဆပ်ပြာဆီ၊ ဆပ်ပြာခဲများနှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

"ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ ရောဂါကို စုံစမ်းကြည့်ရှုတယ်၊ ဖြစ်စဉ်ကို လေ့လာတယ်၊ ရောဂါပိုးတွေ့ရှိသူရဲ့ အနီးပတ်ဝန်းကျင် အခြေအနေကို လေ့လာပါတယ်။ ဒီရောဂါကို ထိန်းချုပ်ဖို့ဆိုရင် အားလုံးဝိုင်းဝန်းပါဝင်မှရပါမယ်။ ရောဂါဖြစ်ပွားတဲ့နေရာကိုလည်း ထိန်းချုပ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ပါတယ်။ အသိပညာပေးဟောပြောပွဲတွေလုပ်ဆောင်ပါတယ်။ Mask တွေ၊ လက်ကမ်းစာစောင်တွေ လိုက်ပြီးဖြန့်ဝေတယ်။ နောက်တစ်ခုက ရောဂါပြန့်ပွားမှုကို လျှော့ချဖို့ နှာခေါင်းစည်းတွေတပ်ဆင်နည်းတွေ၊ လက်ဆေးနည်းတွေကို လက်တွေ့သရုပ်ပြတယ်၊ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဆေးရုံ ဆေးခန်းတွေမှာ အချိန်ပြည့်တွေ့လို့ရအောင်စီစဉ်ထားပါတယ်။

ကျန်းမာရေး အသိပညာတွေ ပြန့်ပွားရေးအတွက် တစ်ဦးချင်းစီမှ လုပ်ဆောင်ပေးရန်၊ ဖြစ်နိုင်ခြေရှိတဲ့ နေရာတွေကို သွားရောက်ပြီး ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကို လုပ်ဆောင်ပါတယ်။ နောက်ဆုံးတစ်ချက်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းကို လုပ်ဆောင်ခြင်းဖြင့် အခုဖြစ်နေတဲ့ရောဂါကို အချိန်တိုအတွင်းမှာအမြန်ဆုံးသက်သာ ပျောက်ကင်းသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသံလွင်ထွန်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1)Pdm-09 ဖြစ်ပွားမှုသည် ယနေ့အထိ ရောဂါပိုးတွေ့ရှိသူ ၁၄ ဦးရှိပြီး ဆားလင်းကြီးမြို့နှင့် မုံရွာမြို့တို့တွင် သေဆုံးသူ နှစ်ဦးရှိကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) Pdm-09 နှင့်ပတ်သက်သည့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ကထိကများ၊ ကျောင်းသား ကျောင်းသူများ တိုင်းဒေသကြီး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ရှင်ဥပဂုတ္တရဟန္တာမီးမျှောပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျောက်ကြီးမြို့တွင် ကျင်းပမည်



**ကျောက်ကြီး ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့တွင် ရှေးရိုးစဉ်လာမပျက် ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို (၁၂၉)ကြိမ်မြောက်အဖြစ် ၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက် (ဩဂုတ် ၂၉ရက်မှ စက်တင်ဘာ ၆ ရက်)အထိ ကျောက်ကြီးမြို့လယ် ကျောက်ကြီးချောင်းတွင် ကျင်းပသွားမည်ဟု သိရသည်။

မီးမျှောပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲများကို ပွဲတော်ရက်များအတွင်း နေ့စဉ် အမျိုးသား အမျိုးသမီး လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး လှေတက်ရေးပြအကပြိုင်ပွဲများနှင့် မြို့နယ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲများ၊ ညစဉ် စင်တင်တေးဂီတ၊ ဇာတ်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး ရှင်ဥပဂုတ္တရဟန္တာအား ကျောက်ကြီးချောင်း ရေလယ်စံကျောင်းတွင် သီတင်းသုံးတော်မူမည့် တော်သလင်းလဆန်း ၁၁ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက်(စက်တင်ဘာ ၂ ရက်မှ ၆ရက်)အထိ ကျောက်ကြီးမြို့ ခုနစ်ရပ်ကွက်မှ အမျိုးသမီးယောဂီအဖွဲ့များက ဆီမီးကြာခွက် ၁၀၀၀၀ တို့ဖြင့် ညစဉ်မီးမျှောပူဇော်သွားမည်ဟုသိရသည်။

(၁၂၉)ကြိမ်မြောက် ကျောက်ကြီးမြို့နယ် ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲသည် လမ်းပန်းဆက်သွယ်မှု၊ ဒေသအေးချမ်းမှုနှင့်သဘာဝအလှတို့ဖြင့် ပျော်ရွှင်စရာများ ပြီးပြည့်စုံလျက်ရှိနေသဖြင့် ကျောက်ကြီးမြို့နယ် ရှင်ဥပဂုတ္တရဟန္တာမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီက ယခင်နှစ်များကထက် ပိုမိုစည်ကားနိုင်ရေးကို ဆန္ဒရှိနေကြသည်ဟု သိရသည်။

**(ဆရာကျောက်)**

## တောင်ကြီးတက္ကသိုလ်ငွေရတုနှစ်ပတ်လည်နေ့ သုတေသန စာတမ်းဖတ်ပွဲ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်



**တောင်ကြီး ဩဂုတ် ၁၇**

တောင်ကြီးတက္ကသိုလ်သည် ၁၅-၆-၁၉၆၁ ရက်နေ့တွင် တောင်ကြီးဥပစာကောလိပ်အဖြစ် စတင်တည်ထောင်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် တောင်ကြီး ဒေသကောလိပ်၊ ၁၉၈၁ ခုနှစ်တွင် တောင်ကြီးကောလိပ်၊ ၁၉၈၆ ခုနှစ်တွင် တောင်ကြီး ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ခဲ့၍ ၁၇-၈-၁၉၉၂ ရက်နေ့တွင် တောင်ကြီးတက္ကသိုလ်အဖြစ် စတင်ခဲ့သည့် အတွက် ယနေ့သည့် တောင်ကြီးတက္ကသိုလ်၏ (၂၅) နှစ်မြောက် တက္ကသိုလ်ငွေရတုနှစ်ပတ်လည်နေ့ဖြစ်ပါကြောင်း ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီခွဲက တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ကျင်းပသော အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသွားသည်။

သက်တမ်းရှည်ကြာခဲ့ပြီးဖြစ်သော တောင်ကြီးတက္ကသိုလ်သည် ရှမ်းပြည်နယ်တောင်ပိုင်း၏ လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးခဲ့သော ရှမ်းပြည်နယ် ကျက်သရေဆောင် တက္ကသိုလ်ကြီးတစ်ခုဖြစ်၍ တောင်ကြီးတက္ကသိုလ်မှ ယခုချိန်ထိ ဘွဲ့ရမောင်မယ် စုစုပေါင်း ၂၄၅၁၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် (၂၅) နှစ်မြောက် တက္ကသိုလ်ငွေရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ထူးချွန်ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ထူးချွန်စီမံဝန်ထမ်းများ၊ ထူးချွန်ဆရာမများအား ဆုချီးမြှင့်ခြင်း၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုများ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ချီးမြှင့်ခြင်း၊ မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အာဆီယံအဖွဲ့အစည်းထူထောင်မှုနှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများ၊ ဝိဇ္ဇာသိပ္ပံ သုတေသနထူးချွန်ဆုချီးမြှင့်ခြင်းနှင့် သုတေသနစာတမ်းများကို တက္ကသိုလ်အသီးသီးမှ စာတမ်းရှင် ၁၈၈ ဦးက ပါဝင်ဖတ်ကြားမည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ထူးချွန်ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ထူးချွန်စီမံဝန်ထမ်းများ၊ ထူးချွန်ဆရာမများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဆုချီးမြှင့်ပေး၍လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အာဆီယံအဖွဲ့အစည်းထူထောင်မှု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများ၊ ဝိဇ္ဇာသိပ္ပံ သုတေသနထူးချွန်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြပြီး တောင်ကြီးတက္ကသိုလ် ငွေရတုနှစ်ပတ်လည်နေ့ကျင်းပရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ကျိုင်းတုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမေရီသိမ်းကပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်နှင့် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာနွယ်နွယ်ယဉ်တို့က လက်ခံရယူသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကငွေလည်တိုင်းသာနေသည် သီချင်း၊ မြကျွန်းညိုညိုသီချင်း၊ မြန်မာတိုင်းရင်းသားတို့၏ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရှင် ဒဿနိကဗေဒအထူးပြုမှ ဒုတိယနှစ် ကျောင်းသူ မသက်နှင်းဦးက မင်္ဂလာသတင်း သီချင်းနှင့် တောင်ကြီးတက္ကသိုလ် ကျောင်းသား ကျောင်းသူလေးများ၏ တိုင်းရင်းသားပေါင်းစုံအကဖြင့် ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ခါကာဘိုရာဇီဒေသတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ပူတာအို ဩဂုတ် ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ခါကာဘိုရာဇီဒေသတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် "Tourism Management Plan" ရေးဆွဲနိုင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ရုံးပညာပေးပြခန်း၌ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အကြောင်း သိကောင်းစရာများရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့ မြန်မာနိုင်ငံအစီအစဉ် (wcs-myanmar program) မှ မြောက်ပိုင်းတာဝန်ခံ ဦးလှဦးက ဇဝရက်တောင် အမျိုးသားဥယျာဉ် လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် Dr.Paul ragers က ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများအကြောင်း အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အခြေခံသဘောတရား ခရီးသွားလုပ်ငန်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်းစက်ဝန်း၊ ခရီးသွားလုပ်ငန်း၏သက်ရောက်မှုများ၊ ဖြစ်ပေါ်နေသော အကောင်းအဆိုး ပြဿနာနှင့်လိုအပ်ချက်များ၊ ခရီးသွား ဆွဲဆောင်မှုများ (ဒြပ်ရှိနှင့်ဒြပ်မဲ့များ)၊ လေ့လာရေးခရီးစီမံခြင်းနှင့် ဆောင်ရွက်ချက်များ၊ တာဝန်သိခရီးသွားလုပ်ငန်း၊ လူမှုအခြေပြုခရီးသွားလုပ်ငန်း (CBT)နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ကာကွယ်တောဆက်နွှယ်ချက်များ၊ မြန်မာနိုင်ငံ သဘာဝအခြေခံခရီးသွားလုပ်ငန်း မူဝါဒအပေါ် ခြုံငုံလေ့လာခြင်းများကို ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ရဝမ်၊ လီဆူ၊ ရှမ်း၊ ဂျိမ်းဖောစာပေနှင့်ယဉ်ကျေးမှုကော်မတီများက သုံးရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## မိုင်းယောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တို့သည် ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ဟောင်ကြန့်ကျေးရွာအုပ်စု ဟောင်ကြန့်ကျေးရွာ ဘုန်းကြီးကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန့်ဇင်ထွန်းက ဌာနဆိုင်ရာအလိုက် ဟောပြောမည့်အကြောင်းအရာများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးက စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အကြောင်းအရာများနှင့် ချေးငွေအကြောင်းကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေး သားဖွားဆရာမ ဒေါ်နန်းရှိန်နွမ်းက ရာသီတုပ်ကွေး (H1 N1) ရောဂါကြိုတင်ကာကွယ်ရေးအသိပညာပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများကသိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာဌာနများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

ကြေးမုံ

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# အာမခံပေးသည်မှာ အခြေခံမှု၊ မပေးသည်မှာ ခြွင်းချက်သာ

မောင်စာဂ

အာမခံပေးခြင်းဆိုရာတွင် ပြစ်မှုတစ်ရပ် ကျူးလွန်သူဟု စွပ်စွဲခံရသူတစ်ဦးအား ဖမ်းဆီးချုပ်နှောင်ခြင်းမပြုဘဲ လုံလောက်သော အာမခံသူများနှင့်ခံဝန်ချုပ် ချုပ်ဆို၍ဖြစ်စေ၊ အာမခံသူများမပါဘဲ ကိုယ်တိုင်ခံဝန်ချုပ် ချုပ်ဆို၍ဖြစ်စေ လွှတ်ပေးထားခြင်းကို ဆိုလိုသည်။

အာမခံပေးခြင်းကိစ္စ အပိုင်းနှစ်ပိုင်းရှိသည်။ စွပ်စွဲခံရသူကို ရဲတပ်ဖွဲ့စခန်းက ဖမ်းဆီးချုပ်နှောင်ပြီးနောက် အာမခံပေးခြင်းအပိုင်းနှင့်တရားရုံးသို့ စွဲဆိုတင်ပို့ပြီးနောက် တရားရုံးက အာမခံပေးခြင်းအပိုင်းတို့ဖြစ်သည်။ အပိုင်းနှစ်ပိုင်းစလုံးတွင် အာမခံပေးခြင်း၊ မပေးခြင်း ကိစ္စရပ်အပေါ် အဆုံးအဖြတ်ပေးကြရာ၌ လိုက်နာရမည့် ဥပဒေမှာ ရာဇဝတ်ကျင့်ထုံး ဥပဒေပင် ဖြစ်သည်။

ဤတွင် အာမခံပေးခြင်းကိစ္စ ဥပဒေက မည်သို့မည်ပုံ ပြဋ္ဌာန်းထားသနည်း။ လေ့လာတွေ့ရှိသမျှ ဖော်ပြပါရစေ။

**အာမခံပေးနိုင်သောပြစ်မှုနှင့် မပေးနိုင်သောပြစ်မှု**

ရာဇသတ်ကြီးတွင် ပါရှိသောပြစ်မှုများအနက် မည်သည့်ပြစ်မှုက အာမခံပေးနိုင်သည်၊ မည်သည့်ပြစ်မှုက အာမခံမပေးနိုင်ဟူ၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၌ သတ်မှတ်ထားသည်။

အာမခံပေးရမည့်ပြစ်မှုဆိုသည်မှာ ရာဇဝတ်ကျင့်ထုံး ဥပဒေ၏ နောက်ဆက်တွဲ ဇယား (၂) တွင် အာမခံပေးရမည်ဟု ဖော်ပြထားသောပြစ်မှု သို့မဟုတ် တည်ဆဲ အခြားဥပဒေတစ်ရပ်ရပ်အရ အာမခံပေးရမည့်ပြစ်မှုကို ဆိုသည်။ အာမခံမပေးနိုင်သောပြစ်မှုဆိုသည်မှာ အခြားပြစ်မှုများကို ဆိုသည်။ [ပုဒ်မ ၄(၁)(က)]။

ရာဇသတ်ကြီးမဟုတ်ဘဲ ကျန်ရှိသည့် အထူးဥပဒေများပါ ပြစ်မှုများကိုလည်း အာမခံ ပေးနိုင်သည့်ပြစ်မှုနှင့် အာမခံမပေးနိုင်သော ပြစ်မှုဟူ၍ သတ်မှတ်ထားသည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေ နောက်ဆက်တွဲဇယား (၂) အဆုံးတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

သေဒဏ်၊ အနှစ် ၂၀ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် ခုနစ်နှစ် သို့မဟုတ် ယင်းအထက်ပိုသော ပြစ်ဒဏ်ထိုက်သည့်ပြစ်မှုဖြစ်လျှင်သော်လည်းကောင်း၊ ထောင်ဒဏ် သုံးနှစ်နှင့်အထက် သို့သော်လည်း ခုနစ်နှစ် ထက်မပိုသော ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုဖြစ်လျှင်သော်လည်းကောင်း အာမခံမပေးနိုင်ပါ။ ထောင်ဒဏ် သုံးနှစ်အောက် ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုဖြစ်လျှင် အာမခံပေးရပါမည်။

**အာမခံပေးခြင်းကိစ္စ၊ နည်းလမ်းသတ်မှတ်ပြဋ္ဌာန်းချက်**

ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို အနှစ်ချုပ်ကိုးကား၍ ရှင်းလင်းပါမည်။

အာမခံပေးနိုင်သော ပြစ်မှုဖြင့် စွပ်စွဲခြင်းခံရသူ တစ်ဦးကို သက်ဆိုင်ရာ ရဲစခန်း၏ ထိန်းသိမ်းမှု အောက်တွင်ရှိစဉ် မည်သည့်အချိန်အခါမဆို အာမခံပေးရန် အသင့်ဖြစ်လျှင် ထိုသူကိုအာမခံဖြင့် လွှတ်ထားရမည်။ ထိုနည်းတူ တရားရုံးရှေ့တွင် ဆောင်ရွက်သည့် မှုခင်းကိစ္စ၏ မည်သည့်အဆင့်၌မဆို အာမခံပေးရန်အသင့်ဖြစ်လျှင် ထိုသူကို အာမခံဖြင့်လွှတ်ထားရမည်။ (ပုဒ်မ ၄၉၆)

အာမခံမပေးနိုင်သော ပြစ်မှုဖြင့် စွပ်စွဲခံရသူတစ်ဦးသည် ရဲစခန်းက ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းဖြစ်စေ၊ ချုပ်နှောင်ခြင်းဖြစ်စေ ခံရသည့်အခါ သို့မဟုတ် တရားရုံးရှေ့သို့ ထိုသူ ရောက်ရှိသည့်အခါ သို့မဟုတ် တရားရုံးရှေ့သို့ ခေါ်ဆောင်ခြင်းခံရသည့်အခါ ထိုသူကို အာမခံဖြင့် လွှတ်ထားနိုင်သည်။ [ပုဒ်မ ၄၉၇(၁)]

ဤပြဋ္ဌာန်းချက်ကို ကြည့်ခြင်းအားဖြင့် အာမခံမပေးနိုင်သော ပြစ်မှုဖြင့် စွပ်စွဲခြင်းခံရသူပင်ဖြစ်လင့်ကစား အာမခံဖြင့်လွှတ်ထားနိုင်ကြောင်းကို တွေ့မြင်ရသည်။

ယင်းပုဒ်မ ၄၉၇(၁) မှာပင် သို့သော်လည်း ထိုစွပ်စွဲခံရသူသည် သေဒဏ်ဖြစ်စေ၊ အနှစ် ၂၀ ထောင်ဒဏ်ဖြစ်စေ စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန် သင့်လျော်သော အကြောင်းများရှိလျှင် ထိုကဲ့သို့ လွှတ်ထားခြင်းမပြုရပါ။ သို့ရာတွင် အဆိုပါပြစ်မှုဖြင့် စွပ်စွဲခံရသူသည် အမျိုးသမီးဖြစ်နေလျှင် သို့မဟုတ် မကျန်းမမာ ဖျားနာနေသူဖြစ်လျှင် သို့မဟုတ် ချည့်နဲ့နေသူဖြစ်လျှင် ထိုသူကိုအာမခံဖြင့် လွှတ်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းက သို့မဟုတ် တရားရုံးက စုံစမ်းစစ်ဆေးမှု သို့မဟုတ် စီရင်မှုပြုလုပ်နေသည့် မည်သည့်အဆင့်တွင်မဆို စွပ်စွဲခံရသူသည် အာမခံမပေးနိုင်သည့် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန် အကြောင်းမရှိသော်လည်း ထိုသူ၏ပြစ်မှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် လုံလောက်သော အကြောင်းများရှိသည်ဟု ထင်မြင်လျှင် အဆိုပါစုံစမ်းစစ်ဆေးမှု အတွင်း၌ ထိုသူကိုအာမခံဖြင့် လွှတ်ထားစေရမည်။ [ပုဒ်မ ၄၉၇(၂)]

ပုဒ်မ ၄၉၇ (၁) သို့မဟုတ် ပုဒ်မ ၄၉၇(၂) အရ စွပ်စွဲခံရသူတစ်ဦးကို အာမခံဖြင့် လွှတ်ပေးသည့် အရာရှိတစ်ဦး သို့မဟုတ် တရားရုံးတစ်ရုံးသည် မည်သည့်အကြောင်းကြောင့် ထိုကဲ့သို့လွှတ် ထားရကြောင်း အကြောင်းပြချက်များကို စာဖြင့်ရေးမှတ်ထားရမည်။ [ပုဒ်မ ၄၉၇(၃)]

အာမခံမပေးနိုင်သော ပြစ်မှုတစ်ရပ်ဖြင့် စွပ်စွဲခံရသူ တစ်ဦးကို စစ်ဆေးမှုပြီးဆုံးပြီးနောက် စီရင်ချက်မချမီ မည်သည့်အချိန်တွင်မဆို ထိုစွပ်စွဲခံရသူသည် အဆိုပါ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့ခြင်းမရှိကြောင်း တရားရုံးက ထင်မြင်လျှင် အကယ်၍ထိုစွပ်စွဲခံရသူသည် အချုပ်တွင် ရှိနေပါက စီရင်ချက်ချသည့်အခါ ထိုသူ ရောက်ရှိ နားထောင်ရန်အတွက် အာမခံသူများမပါဘဲ ခံဝန်ချုပ် ချုပ်ဆိုစေလျက် ထိုသူကိုလွှတ်ပေးရမည်။ [ပုဒ်မ ၄၉၇(၄)]

**အထူးပြဋ္ဌာန်းချက်နှင့်ယေဘုယျပြဋ္ဌာန်းချက်**

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၆ နှင့်၄၉၇ ပါ ပြဋ္ဌာန်းချက်များသည် အထူးပြဋ္ဌာန်းချက် (Special provision) ဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေ၏ နောက်ဆက်တွဲ ဇယား (၂) တွင် အာမခံပေးနိုင်သည့်ပြစ်မှု၊ အာမခံမပေးနိုင်သည့် ပြစ်မှုဟု ဖော်ပြထားချက်များသည် ယေဘုယျ ပြဋ္ဌာန်းချက် (General provision) ဖြစ်သည်။

**အာမခံပေးခြင်းသည် ‘မူ’၊ မပေးခြင်းသည် ခြွင်းချက်’**

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၆ နှင့်ပုဒ်မ ၄၉၇ ပါ ပြဋ္ဌာန်းချက်များကို ကြည့်ခြင်းအားဖြင့် အာမခံပေးရမည့် ပြစ်မှုများကို အာမခံပေးရန်ဖြစ်သည်။ အာမခံမပေးနိုင်သော ပြစ်မှုကို ကျူးလွန်သည်ဟု စွပ်စွဲခံရစေကာမူ အာမခံပေးရမည့်ဘက်ကို အလေးထား၍ ပြဋ္ဌာန်းထားသည်ကို တွေ့မြင်ရမည်။ သို့ပါ၍ အာမခံပေးခြင်းသည် ‘မူ’၊ အာမခံမပေးခြင်းသည် ‘ခြွင်းချက်’ မျှသာဟူ၍ ဆိုရခြင်းဖြစ်သည်။

**စီရင်ထုံးပါလမ်းညွှန်ဆုံးဖြတ်ချက်များ**

အာမခံပေးခြင်း မပေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ‘ဟူစိန်ဘခန်နှင့်နိုင်ငံတော်အမှု’ တွင် မူတစ်ရပ်ကို လမ်းညွှန်ချမှတ်ခဲ့သည်။ ထိုမူမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၆ နှင့်၄၉၇ ပါ ပြဋ္ဌာန်းချက်များအရ အာမခံပေးခြင်းသည် အခြေခံမူဖြစ်သည်။ အာမခံမပေး ငြင်းပယ်ခြင်းသည် ခြွင်းချက်ဖြစ်သည်ဟူ၍ ဆုံးဖြတ်ထားသည်။ (၁၉၆၀ ခုနှစ်၊ မတစ၊ ၁၉၂)

တခြားတစ်မှုတွင်လည်း အစွပ်စွဲခံရသူတစ်ဦးအား ရာဇဝတ်ရုံးက အာမခံပေးခြင်းနှင့်ပတ်သက်၍ စဉ်းစားဆုံးဖြတ်ရမည့်မူများကို ဤရုံးက ချမှတ်ပြီးဖြစ်သည်။ သာမန်အားဖြင့်ဆိုလျှင် အစွပ်စွဲခံနေရသူတစ်ဦးဦးအား အမှုကို ရုံးသို့တင်၍ စစ်ဆေးခြင်းမပြုသေးမီ သို့မဟုတ် အမှုကို စစ်ဆေးနေစဉ်အတွင်း၌ ကြာမြင့်စွာ ချုပ်နှောင်ထားအပ်သည်မဟုတ်။ ထိုသို့ချုပ်နှောင်ခြင်းဖြင့် ၎င်းအပေါ်တွင် ပြစ်မှုထင်ရှားမတွေ့ရှိသေးဘဲ ကြိုတင်၍ ပြစ်ဒဏ်ပေးခြင်းမျိုး မဖြစ်အပ်ပေ။ (၁၉၆၅ ခုနှစ်၊ မတစ၊ ၆၆၆)

တခြားတစ်မှုတွင်လည်း ထောင်ဒဏ်တစ်သက် တစ်ကျွန်း သို့မဟုတ် သေဒဏ်ပေးနိုင်သော အမှုများမှအပ အာမခံမပေးနိုင်သောအမှုများတွင် တရားရုံးများက အာမခံပေးပိုင်ခွင့်ကို ကျင့်ထုံးပုဒ်မ ၄၉၇ က ကန့်သတ်ထားခြင်းမရှိကြောင်း ဆုံးဖြတ်ထားသည်။ (ရန်ကုန်၊ အတွဲ ၅၊ ၂၇၆)

**ပြစ်ဒဏ်စီရင်ခြင်း မပြုသေးသမျှ အပြစ်ကျူးလွန်သူဟု မမှတ်ယူရ**

ပြစ်မှုတစ်ရပ်ကျူးလွန်သည်ဟူ၍ စွပ်စွဲခံရသူတစ်ဦးကို တရားရုံးက “ပြစ်ဒဏ်စီရင်ခြင်း မပြုသေးသမျှ အပြစ်ကျူးလွန်သူဟူ၍ မမှတ်ယူရ”ဆိုရိုးစကားသည် တည်တံ့ခိုင်မာလျက်ရှိသည်။ တရားရုံးရှေ့သို့ ရောက်ရှိလာသော ပြစ်မှုတစ်ရပ်ကို ကျူးလွန်သည်ဟု စွပ်စွဲခံရသူကို အပြစ်ကျူးလွန်သူဟူ၍ ကြိုတင်မှတ်ယူခြင်း မပြုနိုင်ပါ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၆ နှင့်၄၉၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အာမခံပေးခြင်းကိစ္စ ဆောင်ရွက်သင့်ကြပါသည်။

**မှတ်မှတ်သားသားဆောင်ရွက်ခဲ့သည်များ**

လွန်ခဲ့သော ၁၉၇၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ ကာလများအတွင်းကဖြစ်သည်။ လမ်းစဉ်ပါတီခေတ် ပြည်သူ့တရားသူကြီး သုံးဦး ရုံးထိုင်စစ်ဆေးသည့်အချိန်ဖြစ်သည်။ စာရေးသူသည် မြို့နယ် ဥပဒေရုံးတွင် ဥပဒေဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ပြစ်မှုတော်တော်များကို တရားရုံးတွင် အစိုးရရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးခဲ့ရသည်။ အာမခံပေးခြင်းကိစ္စ တရားရုံးတွင် အကြိမ်ကြိမ်တင်ပြခြင်း၊ လျှောက်လဲချက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ရသည်။

အာမခံပေးရမည့်အမှုဖြစ်လျှင် အာမခံပေးဖို့ တင်ပြခြင်း၊ လျှောက်လဲခြင်းပြုသည်။ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ထိုက်သော ပြစ်မှုမျိုးဖြင့် စွပ်စွဲခံရသူကို အာမခံမပေးဖို့ ကန့်ကွက်ကြောင်း ဥပဒေနှင့်အညီတင်ပြခြင်း၊ လျှောက်လဲချက်ပေးခြင်းပြုသည်။ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ထိုက်သည့် ပြစ်မှုကို ကျူးလွန်ကြောင်းဖြင့် စွပ်စွဲခံရသူမဟုတ်ပါက၊ အာမခံပေးလိုက်လျှင် စွပ်စွဲခံရသူသည် ထွက်ပြေးတိမ်းရှောင်သွားရန် အကြောင်း ရှိ၊ မရှိ၊ နောက်ထပ် ရာဇဝတ်ပြစ်မှုတစ်စုံတစ်ရာ ထပ်မံကျူးလွန်ရန် အကြောင်း ရှိ၊ မရှိ၊ တင်ပြထားသည့် တရားလိုပြ သက်သေများကို ဖျက်လိုဖျက်ဆီးပြုရန် အကြောင်း ရှိ-မရှိ သက်ဆိုင်ရာ ရဲအရာရှိ [မှုခင်းမှတ်တမ်း အရာရှိ(CRO)] ထံသို့ သဘောထားမှတ်ချက်များ တောင်းခံရယူသည်။

ဖော်ပြပါ အချက်သုံးချက်တွင် တစ်ချက်ချက်နှင့် ငြိစွန်းနေကြောင်းတွေ့ရလျှင် အာမခံမပေးခြင်းသည် ခြွင်းချက်ဆိုသောမူအရ အာမခံမပေးသင့်ကြောင်း ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြခြင်း၊ လျှောက်လဲချက်ပေးခြင်းပြုသည်။ တရားရုံးများက အာမခံမပေး။ ဖော်ပြပါ အချက်သုံးချက်စလုံးနှင့်ငြိစွန်းခြင်းမရှိခဲ့သော်၊ ထို့ပြင်စွပ်စွဲခံရသူသည် အမျိုးသမီးဖြစ်နေခဲ့သော်၊ အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်း၊ ချည့်နဲ့သူဖြစ်ခဲ့သော်၊ ကျန်းမာရေးချို့တဲ့သူဖြစ်ကြောင်း သက်ဆိုင်ရာဆရာဝန်၏ ခိုင်မာသောဆေးစာကို တင်ပြနိုင်ခဲ့သော် အာမခံပေးခြင်းသည် အခြေခံမူ ဖြစ်သည်ဆိုသော ‘မူ’ အရ လုံလောက်သောခံဝန်သူများဖြင့် အာမခံပေးမည်ဆိုလျှင် ကန့်ကွက်ရန် မရှိပါကြောင်းတင်ပြခြင်း၊ လျှောက်လဲချက်ပေးခြင်းပြုသည်။ တရားရုံးများကလည်း အာမခံပေးသည်။

**တရားစီရင်ရေးလမ်းကြောင်း တိမ်းစောင်းစေရာရောက်ခြင်း**

မှုခင်းတစ်ရပ်ကို ရဲတပ်ဖွဲ့စခန်းက စုံစမ်းထောက်လှမ်းခြင်း၊ တရားရုံးက စစ်ဆေးကြားနာခြင်း ပြုရသည့်ဖြစ်စဉ်တွင် စွပ်စွဲခံရသူကို အာမခံပေးခြင်း၊ မပေးခြင်းကိစ္စသည် အရေးကြီးသော ဖြစ်စဉ်တစ်ရပ်အဖြစ် ပါရှိနေသည်။ စွပ်စွဲခံရသူက အာမခံလိုချင်သည်၊ အချုပ်လွှတ် ထုချေရှင်းလင်းခွင့် ရရှိလိုသည်။ စွပ်စွဲသူတရားလိုဘက်က စွပ်စွဲခံရသူ အာမခံရရှိသွားမည်ကို မလိုလား။ အချုပ်နှင့်ရှိနေစေချင်သည်။ ရဲစခန်းနှင့် တရားရုံးတို့က ဆုံးဖြတ်ချက်တစ်ခုကို မလွဲမသွေ ချမှတ်ကြရသည်။ တရားစီရင်ရေးလမ်းကြောင်း တိမ်းစောင်းသည်ဆိုရာတွင် အာမခံပေးခြင်း၊ မပေးခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည်ကလည်း အချက်တစ်ချက်ပင်ဖြစ်သည်။ အာမခံပေးခြင်း၊ မပေးခြင်းကိစ္စသည် တရားသူကြီးများတွင်သာ တာဝန်ရှိသည် မဟုတ် အမှုကိုစတင်စစ်ဆေးရသည့် ရဲအရာရှိများ၊ တရားရုံးသို့ သဘောထားမှတ်ချက်၊ ဥပဒေအကြံပြုချက်များ တင်ပြပေးရသည့် ဥပဒေအရာရှိများတွင်လည်း တာဝန်ရှိကြသည်။

တာဝန်ကိုယ်စီရှိကြသည့် တရားသူကြီး၊ ဥပဒေအရာရှိ၊ အမှုစစ်ရဲအရာရှိတို့သည် အာမခံပေးခြင်းကိစ္စနှင့်စပ်လျဉ်းပြီး ယေဘုယျပြဋ္ဌာန်းချက်ဖြစ်သည့် ကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယား ၂ တွင် ဖော်ပြချက်များ သက်သက်ကိုသာ အပေါ်ယံကြည့်၍ ဆောင်ရွက်ခြင်းများကို ရှောင်ရှားသင့်သည်။ အထူးပြဋ္ဌာန်းချက်ဖြစ်သည့် ကျင့်ထုံးဥပဒေပုဒ်မ ၄၉၆ နှင့်၄၉၇ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ဆုံးဖြတ်သင့်သည်။ တိုင်ကြားသူကဘယ်သူလဲ၊ တိုင်ကြားခံရသူက ဘယ်ဝါလဲဆိုသည့် ပုဂ္ဂိုလ်မျက်နှာကို မကြည့်မမြင်ဘဲ ဥပဒေပြဋ္ဌာန်းချက်ကို မျက်နှာမူပြီး ဆင်ခြင်တုံတရားဖြင့် ရဲရဲဝံ့ဝံ့သတ္တိရှိရှိ ဆောင်ရွက်နိုင်ရမည်။

ကျူးလွန်သည့်ပြစ်မှုခြင်းတူသော်လည်း ကျူးလွန်ပုံကျူးလွန်နည်း မတူခြင်း၊ ပြစ်မှုကျူးလွန်သူ၏ အသက်၊ လိင်စသည့် ကွဲပြားမှုတို့ကြောင့် တစ်မှုနှင့်တစ်မှု အာမခံပေးခြင်း မပေးခြင်းကိစ္စ ကွဲပြားခြားနားမှုရှိမည်ကို ပြည်သူတွေ နားလည်သိရှိပါသည်။ အာမခံမပေးခြင်းသည် ခြွင်းချက်သာ ဖြစ်သည်။ ခြွင်းချက်အရ အာမခံမပေးခြင်းကို မပြောလိုပါ။ အာမခံမပေးခြင်းသည် ‘မူ’ တစ်ရပ် ဖြစ်နေပြီး အာမခံပေးခြင်းက ‘ခြွင်းချက်’ သဖွယ်ဖြစ်သွားမည်ကိုတော့ လိုလားကြမည် မဟုတ်ပါ။

**အခြေခံမူကို ထိန်းသိမ်းကြပါစို့**

အာမခံပေးခြင်းကိစ္စ လိုက်နာရမည့်မူများကို ဥပဒေက ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားရှိပြီး ဖြစ်သည်။ စီရင်ထုံးများက တိကျပြတ်သားစွာ လမ်းညွှန်ဆုံးဖြတ်ထားပြီးဖြစ်သည်။ ခံယူချက်၊ အတွေးအမြင်၊ စိတ်သဘောထားများ တူညီစွာထားရှိလျက် ဥပဒေပြဋ္ဌာန်းချက်၊ စီရင်ထုံးပါ လမ်းညွှန်ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်သွားကြမည်ဆိုပါက၊ ‘အာမခံပေးခြင်းသည် အခြေခံမူ၊ အာမခံမပေးငြင်းဆိုခြင်းသည် ခြွင်းချက်သာဖြစ်သည်’ ဆိုသော မူသည်၊ ထာဝရရှင်သန် ကြီးထွားနေမည်ဖြစ်ကြောင်းပါ။

**နိုင်ငံတော်အပေါ် သစ္စာထား၊ ပြည်သူအပေါ် မေတ္တာပွား၍ တရားနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ။**

**တရားရေးမဏ္ဍိုင် အစဉ်ထာဝရကြံ့ခိုင် တည့်မတ်နေစေရေး ဆောင်ရွက်ပေးနိုင်ကြပါစေ။**

**ဥပဒေနှင့်အညီ တရားသဖြင့် ဖြောင့်မတ်မှန်ကန်စွာ ရှုမြင်ဆင်ခြင် ဆောင်ရွက်နိုင်ကြပါစေ။**



# ကင်မရာနှစ်လုံးပါဝင်သည့် Nokia 8ကို စတင်ကြေညာ


ဩဂုတ် ၁၆ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သော Nokia 8 သည် စက်တင်ဘာလတွင် ဈေးကွက်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။ မိုဘိုင်းလ်ဖုန်းများ စတင်ပေါ်ပေါက်လာသည့်နှစ်များက မိုဘိုင်းလ်ဈေးကွက်၏ ဘုရင်တစ်ပါးဖြစ်ခဲ့သော Nokia မှာ ယခု စမတ်ဖုန်းဈေးကွက်အတွင်း မကြာသေးမီအချိန်က ပြန်လည်ဝင်ရောက်လာပြီး နောက်ပိုင်းယခင်ကဲ့သို့ စမတ်ဖုန်းလောကကို မည်သည့်ပုံစံမျိုးဖြင့် ထိုးဖောက်မည်ဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ကိုယ်ထည်ပိုင်းကို အလူမီနီယမ်သတ္တုစပ်အသုံးပြုတည်ဆောက်ထားပြီး ၇ ဒသမ ၉ မီလီမီတာ အထူနှင့် အလေးချိန် ၁၆၀ ဂရမ်ရှိသော စမတ်ဖုန်းအမျိုးအစားဖြစ်သည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၃ လက်မရှိပြီး Corning Gorilla Glass 5 ဖုံးအုပ်ကာကွယ်ပေးထားသည်။ Octa-Core Qualcomm MSM8998 Snapdragon 835 ပရိုဆက်ဆာ အသုံးပြုထားပြီး မောင်းနှင်လည်ပတ်မှုအတွက် Android 7.1.1 ပါဝင်ကာ ရုပ်ထွက်ပိုင်းတွင် Adreno 540 ကို တပ်ဆင်ပေးထားသောကြောင့် ကြည်လင်တောက်ပမှုနှင့် စွမ်းဆောင်ရည်မြင့်စမတ်ဖုန်းအမျိုးအစားတစ်ခုဖြစ်သည်။

RAM ပါဝင်မှုမှာ 6GB နှင့် 4GB နှစ်မျိုးဖြစ်သောကြောင့် လုပ်ဆောင်မှုများ ပိုမိုသွက်လက်ကာပေါ့ပါးလာမည်ဖြစ်သည်။ သိုလှောင်သိမ်းဆည်းမှုအတွက် RAM 4GB ပါဝင်သော ဖုန်းအတွက် Internal Storage 64GB ပါဝင်မည်ဖြစ်ပြီး RAM 6GB ပါဝင်သောဖုန်းအတွက် Internal Storage 128 GB ပမာဏအထိ ပါဝင်မည်ဖြစ်ကာ Micro SD 256 GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်သည်။ ကင်မရာ 13 MP နှစ်လုံးကို Color+Monochrome ဖြင့် တပ်ဆင်ပေးထားပြီး Dual Flash ကိုပါ ထည့်သွင်းပေးထားသောကြောင့် အလင်းအားနည်းသည့်နေရာမျိုးတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးမှုများ ပိုမိုကောင်းမွန်အဆင်ပြေစေကာ ရှေ့ဘက်ကင်မရာ 13 MP အထိပါဝင်သည်။ စွမ်းအင်ပိုင်းအတွက် 3090 mAh ဘက်ထရီကို တပ်ဆင်ပေးထားသောကြောင့် ကောင်းမွန်သည့်အထောက်အပံ့ရရှိမည်ဖြစ်သည်။ ရရှိနိုင်သော အရောင်များအနေဖြင့် Tempered Blue, Polished Blue, Steel, Polished Copper ဟူ၍ လေးရောင်ရရှိနိုင်ပြီး လာမည့်စက်တင်ဘာလအတွင်း ယူရိုငွေ ၆၀၀ (မြန်မာကျပ်ငွေ ၉၆၀၀၀၀ ဝန်းကျင်) ဖြင့် ဈေးကွက်အတွင်း ဝယ်ယူရရှိနိုင်တော့မည်ဖြစ်သည်။

ALEX

# စက်တင်ဘာလအတွင်းထွက်ရှိလာမည်ဟုခန့်မှန်းရသော Samsung Gear Fit 2 Pro



၁ ဒသမ ၅ လက်မအကျယ်ရှိပြီး မျက်နှာပြင် ကွေးညွှတ်ထားသည့် ကိုယ်ထည်ပိုင်းနှင့် ရေစိုခံအောင် ပြုလုပ်ထားသော Gear Fit 2 Pro ကို အားကစားသမားများအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်သည်ဟု Samsung က ပြောကြားသည်။ ကျန်းမာရေး လေ့ကျင့်ခန်းများအတွက် ၎င်းစမတ်နာရီကိုအသုံးပြုကာ ငွေပေးချေခြင်းများနှင့် အခြားဝန်ဆောင်မှုများ ရယူနိုင်ရန် ထုတ်လုပ်ထားသည်ဟုသိရသည်။

စက်တင်ဘာလအတွင်း ဈေးကွက်အတွင်းရောက်ရှိလာနိုင်ဖွယ်ရှိပြီး Dual-core 1GHz နှင့် Storage 4GB ပါဝင်လာမည်ဖြစ်ကာ Android 4.4 နှင့်အထက် စမတ်ဖုန်းများနှင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။ Samsung ၏ Galaxy Note 8 ကို လာမည့်ရက်ပိုင်းတွင် ဈေးကွက်အတွင်း မိတ်ဆက်ပေးပြီးမှ အဆိုပါ Gear Fit 2 Pro စမတ်နာရီကို ထပ်မံမိတ်ဆက်သွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။

Samsung ၏ Gear Fit 2 Pro စမတ်နာရီသည် Galaxy Note 8 ထွက်ပေါ်ပြီးသည့်အချိန်ကို စောင့်ဆိုင်းနေခြင်းဖြစ်မည်ဟု ခန့်မှန်းရပြီး ဈေးနှုန်းသတ်မှတ်ချက်ကိုလည်း တရားဝင်ထုတ်ဖော် ပြောကြားခြင်း မရှိသေးချေ။ ၂၀၁၆ ခုနှစ်အတွင်းက မြန်မာကျပ်ငွေ နှစ်သိန်းဝန်းကျင်ဖြင့်လည်း Gear Fit 2 အမျိုးအစား စမတ်နာရီတစ်မျိုး ဈေးကွက်အတွင်းဖြန့်ချိထားသည်။ ALEX



# လေ့လာစရာ မြန်မာ့ရိုးရာ စက္ကူဖြင့်ပြုလုပ်သည့်အရုပ်များ

**စစ်ကိုင်း ဩဂုတ် ၁၇**

မြန်မာ့လူမှုနယ်ပယ်တွင် ယနေ့တိုင် နှစ်သက်မြတ်နိုးစွာဝယ်ယူနေသော အရုပ်များကို ပြပါဆိုလျှင် စက္ကူဖြင့်ပြုလုပ်သည့် မြန်မာ့ရိုးရာ အရုပ်ကလေးများကို ပြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာ ၁၂ လ ရာသီပွဲများနှင့် နာမည်ကြီး ဘုရားစေတီများတွင် အမြဲရောင်းချလေ့ရှိသည်။ ထိုအရုပ်ကလေးများမှာ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဇီးကွက်ရုပ်နှင့်အတူ အခြားအရုပ်ကလေးများပင်ဖြစ်သည်။

ဇီးကွက်ရုပ်ကိုမူ လာဘ်ကောင်ဟုယူဆကာ ဝယ်ယူချိတ်ဆွဲလေ့ရှိသည်။ ပစ်တိုင်ထောင်ရုပ်ကိုမူ လောကဓံမမှုဘဲ ခေါင်းမော့ရင်ကော့သည့် သတ္တိခွန်အားပေးသည့်အရုပ်အဖြစ် ဝယ်ယူလေ့ရှိသည်။ အရုပ်များမှာ အရောင်တောက်တောက်များ အသုံးပြုပြီး ခြယ်သထားသည့်အတွက် ကလေးငယ်များကို အထူးဆွဲဆောင်ထားသည်။

ထိုစက္ကူအရုပ်မျိုးစုံကို စစ်ကိုင်းမြို့ အဘယစေတီ တောင်ဘက်ရှိ ကနားတော်ရွာနှင့် အဘယစေတီအနောက်ဘက်တွင်ရှိသော ဂုံညင်းတောင်ရွာတွင် အများဆုံးပြုလုပ်ပြီး ဒေသအနှံ့ဖြန့်ချိပေးလျက်ရှိသည်။ စက္ကူဖြင့်ပြုလုပ်သော အရုပ်များကို စက္ကူအရုပ်ပွဟုခေါ်ကြသည်။ စက္ကူအရုပ်ပွများပြုလုပ်ရန်အတွက် စက္ကူကိုအဓိကအသုံးပြုသည်။ အရုပ်မျိုးစုံအတွက် မိုပုံစံထားရှိပြီး စက္ကူကိုကော်ဖြင့်ကပ်ကာ ပြုလုပ်ကြသည်။ အရုပ်ပြုလုပ်သူများမှာ အရုပ်တစ်မျိုးတည်းကိုသာ တစ်သမတ်တည်း ပြုလုပ်ခြင်းမဟုတ်ဘဲ အရုပ်မျိုးစုံကို မိုပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်။

မိုပုံစံပေါ်တွင် စက္ကူကိုကော်ဖြင့်ကပ်ကာ ပုံဖော်ရသည်။ ကော်ခြောက်ပြီဆိုသည်နှင့် သဘော်ဆေးဖြင့် ဆေးရောင်ခြယ်သကြသည်။ အရုပ်မျိုးစုံကို လှပစွာ ပြုလုပ်ပြီးသည်နှင့် အရုပ်ဒိုင်ဟုခေါ်သော အရုပ်များစွာ ဝယ်ယူရောင်းချသူထံ ဖောက်သည်ပေးသည်လည်းရှိသည်။ တစ်ပိုင်တစ်နိုင် ကိုယ့်အိမ်တွင်ပင် ကိုယ်တိုင်ပြုလုပ်စုဆောင်းကာ ၁၂ ပွဲများတွင် ရောင်းချသည်လည်းရှိသည်။

လက်ရှိကာလတွင် ဖိုးဝရုပ်တစ်ခုလျှင်ငွေကျပ် ၁၅၀၀၊ ပစ်တိုင်းထောင်ရုပ်ကလေးများကို နှစ်ခု ကျပ်၅၀၀ ဖြင့်လည်းကောင်း၊ ဇီးကွက်ရုပ်တစ်စုံလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ မြန်မာမှုနယ်ပယ်တွင် ယနေ့တိုင် ချစ်ခင်မြတ်နိုးစွာ ဝယ်ယူနေသော မြန်မာ့ရိုးရာစက္ကူ ရုပ်ကလေးများကို စစ်ကိုင်းမြို့တွင် တစ်နှစ်ပတ်လုံးတွင်ကျယ်စွာထုတ်လုပ်ပြီး ဒေသအနှံ့ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

# ပွဲခံမယ် ရုပ်ရှင်ဇာတ်ကားသစ်ကြီး ဩဂုတ် ၁၈ ရက်တွင် ပရိသတ်များနှင့်အတူ ပွဲခံမည်

**ရန်ကုန် ဩဂုတ် ၁၇**

ဇာတ်လမ်းနှင့်ဒါရိုက်တာအဖြစ် စတီးလ် (ဒွေးမေတ္တာ)က ရိုက်ကူးတင်ဆက်ထားပြီး အကယ်ဒမီ ထွန်းထွန်း၊ အကယ်ဒမီ ခန့်စည်သူ၊ အိချောပို၊ နေမျိုးအောင်၊ ထူးခြား၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံကြီး၊ ဆုရှိုင်း၊ စည်သူပလပ်ကျွတ်၊ ဝိုင်းချစ်၊ ချက်ကြီး၊ ဖိုးသဲနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသော 'ပွဲခံမယ်' ရုပ်ရှင်ဇာတ်ကားသစ်ကြီးကို ဩဂုတ် ၁၈ ရက်တွင် အမြို့မြို့အနယ်နယ်ရှိ ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမှာ ဖြစ်ပါတယ်။



ဇာတ်လမ်းတွင် "ငါက မင်းကို အရက်တိုက်၊ ဖဲဝိုင်းထိုင်၊ ပြည့်တန်ဆာတွေနဲ့ ပျော်ပါးဖို့ စည်းရုံး၊ ဘုရားမကြိုက်တဲ့ အလုပ်မှန်သမျှ မင်းကို တွန်းပို့ခဲ့တယ်။ ကောင်းတဲ့အလုပ်မှန်သမျှ ပစ်ပယ်ခဲ့တာ ငါက လူမဟုတ်ဘူး။ တိရစ္ဆာန်နဲ့ ဘာမှမခြားတဲ့ လူ" ဆိုသော ပြောစကားများနှင့်အတူ ဦးလေးတစ်ယောက်နေရာမှ သရုပ်ဆောင်မှုတွေနဲ့ တွေ့မြင်ရမယ့် **ခန့်စည်သူ**။

"ဒီမှာ ယောက္ခမတော်ရမယ့်လူကြီး ခင်ဗျားသမီးကို လင်ပေးစားမယ့် အလုပ်တွေကို ရပ်တန်းကရပ် မဟုတ်ရင် ကျုပ်ဒီအတိုင်း ရပ်ကြည့်နေမှာ မဟုတ်ဘူး။ ခင်ဗျားဗိုက်ထဲကို ငှက်ကြီးတောင် စိုက်သွားမယ်။ ခင်ဗျားအကြည့်တွေကို ပြင်လိုက်။ ကျုပ်က ခင်ဗျားတို့အလကား ဖြချင်တိုင်း ဖြပြီး လွှတ်ပစ်လို့ ရတဲ့ တစ်ရှူးမဟုတ်ဘူးနော်။ ကျုပ်က မီးခြစ်ဆံလာထိလို့ကတော့ မီးတောက်ဖြစ်သွားမယ်" ဆိုတဲ့ လူမိုက်ဆန်ဆန် ပြောစကားများနဲ့ သရုပ်ဆောင်မှုများကိုမြင်ရမယ့် **ထွန်းထွန်း**။

"ရာကျော်က ဆိုးချင်ဆိုးမယ်။ မိုက်ချင်မိုက်မယ်။ အဲဒါတွေကို သမီးမသိချင်ဘူး။ သမီးကတော့ ချစ်နေမိပြီ။ နောက်ဆုတ်ဖို့တော့ မတားနဲ့၊ အချစ်နဲ့ပတ်သက်လာရင် ရှေ့တစ်လှမ်းတိုးဖို့ပဲ စဉ်းစားထားတယ်။ နောက်ဆုတ်ဖို့ စိတ်ကူးမရှိဘူး။ အဲဒါ ကျွန်မ ကြွေးကြော်သံပဲ" ဆိုတဲ့ စကားသံတွေနဲ့ အချစ်အတွက် အရာရာကိုရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသူအဖြစ် သရုပ်ဆောင်မှုများနဲ့ မြင့်တွေ့ရမယ့် **အိချောပို**။

"သမီးဖြစ်သူက လမ်းပေါ်မှ ခွေးချေးနင်းပြီး အိမ်ပေါ်ကို ဒီအတိုင်း တက်လာမယ်။ သမီးကတော့ အဲဒီဒုက္ခကို ခံနိုင်တယ်လို့ ပြောပေမယ့် ငါက အဲဒီနင်းလာတဲ့ ခွေးချေးပေတဲ့ ခြေထောက်တွေကို ဖြတ်ပစ်လိုက်မယ်။ အဲဒါ မင်းဒင်ရဲ့ ရာဇသံပဲ"ဆိုတဲ့ ကြွေးကြော်သံတွေနဲ့အတူ သမီးရဲ့အချစ်ရေးကို လုံးဝလက်မခံနိုင်တဲ့ ဖခင်တစ်ယောက်ရဲ့ဒေါသတွေနဲ့ ပီပြင်တဲ့သရုပ်ဆောင်မှုများကို မြင်တွေ့ရမယ့် **နေမျိုးအောင်**။

ရွာတွင် ဆိုးမိုက်မှုများအတူ ပျော်ပါးနေသော တူရီးနှစ်ယောက်။ အချစ်ကို ဦးစားပေးတတ်သော မိန်းမပျိုလေးနှင့် သမီးရဲ့အချစ်ရေးကို လုံးဝလက်မခံနိုင်တဲ့ဖခင်။ ထိုလူလေးဦးတို့၏ အားပြိုင်မှုများကြောင့် ဘာတွေဆက်ဖြစ်လာမလဲဆိုတာကို ပရိသတ်ကြီး အနေနဲ့ရှုစားရင်း ပွဲခံကြရတော့မှာ ဖြစ်ပါတယ်။

'ပွဲခံမယ်' ရုပ်ရှင်ဇာတ်ကားသစ်ကြီးကို ဩဂုတ် ၁၈ ရက်တွင် အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြတော့မည်ဖြစ်ပြီး ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိရွှေဆောင်ရုပ်ရှင်ရုံ၌ ပါဝင်သရုပ်ဆောင်ထားသော အနုပညာရှင်များက ပရိသတ်များနှင့်အတူ ပွဲခံရင်း အမှတ်တရ လက်မှတ်ရေးထိုးသွားမှာဖြစ်ပါတယ်။

**အေးမင်းသူ**

# Email အကောင့်ဖွင့်နည်းနှင့် Internet လုံခြုံစိတ်ချစွာ အသုံးပြုနည်းသင်တန်းဖွင့်

**ရမည်းသင်း ဩဂုတ် ၁၇**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရမည်းသင်းမြို့ Telenor Light Horuse အလင်းအိမ်စင်တာ တာဝန်ခံ ဦးဇော်မင်းစိုးတို့ပူးပေါင်း၍ ကိုယ်ပိုင် Email အကောင့်ဖွင့်နည်းအဆင့်ဆင့်နှင့် Internet ကိုလုံခြုံစိတ်ချစွာအသုံးပြုနည်း သင်တန်းကို ဩဂုတ် ၁၆ နံနက် ၁၀ နာရီက ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး Community Center ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းကို ရမည်းသင်းမြို့ အလင်းအိမ်စင်တာ တာဝန်ခံ သင်တန်းဆရာ ဦးဇော်မင်းစိုးက သင်တန်းသူ၊ သင်တန်းသားများကို Laptop၊ ကိုယ်ပိုင်ဖုန်းများဖြင့် ကိုယ်ပိုင် Email အကောင့်ဖွင့်တတ်စေရန် ပရိုဂျက်တာဖြင့် အဆင့်ဆင့်ရှင်းလင်းကာ လက်တွေ့အကောင့်ဖွင့်ပြီး တစ်ဦးနှင့်တစ်ဦး Email များ ပေးပို့တတ်စေရန် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးတက်ရောက်သင်ကြားပြီး သင်တန်းကို ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဝင်းအောင် (ပြန်/ဆက်)**

# ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်၏တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အေအီးစီ

ချယ်ရီချစ်ဆွေ (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)

၂၀၁၇ ခုနှစ် တစ်နည်းအားဖြင့် အာဆီယံအဖွဲ့ကြီး စတင်တည်ထောင်ခဲ့သည့် ရွှေရတုနှစ် အခါသမယ၌ အာရှပစိဖိတ်ဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံတစ်ဝန်းမှ အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် လူငယ်လူရွယ်များအကြား အာဆီယံအဖွဲ့ကြီးအကြောင်း တွင်ကျယ်စွာ ပြောဆိုနေကြရာ အေအီးစီဟု အတိုကောက် ခေါ်ဆိုကြသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းသည် မပါမဖြစ် ဆွေးနွေးပြောဆိုနေကြသော အကြောင်းအရာတစ်ခုဖြစ်ပေလိမ့်မည်။

အေအီးစီနှင့် ပတ်သက်၍သတင်းများ၊ ဆောင်းပါးများ၊ အမေးအဖြေများ တွင်ကျယ်စွာ ပြောဆိုရေးသားလျက်ရှိရာ အေအီးစီအပေါ် အများပြည်သူများရင်းနှီးပြီးဖြစ်သော်လည်း ရွှေရတုကာလတိုင် အောင်မြင်စွာ လျှောက်လှမ်းလာခဲ့သည့် အာဆီယံအားဂုဏ်ပြုသောအားဖြင့် စာရေးသူက မိမိသိသလောက် မျှဝေချင်သည့် ဝါသနာအရင်းခံ၍ရေးသားလိုက်ခြင်းဖြစ်ပါသည်။

## အန္တိမရည်မှန်းချက်

အေအီးစီဟု အတိုကောက်ခေါ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အန္တိမရည်မှန်းချက်မှာစီးပွားရေးပေါင်းစည်းမှုဖြစ်ရာ အေအီးစီ ၂၀၁၅ ပေါ်ပေါက်လာခြင်း၏ အုတ်မြစ်အား ပြန်လည်ကြည့်မယ်ဆိုလျှင် (၁၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်ကြီးများသည် အာဆီယံမျှော်မှန်းချက် ၂၀၂၀ နှင့် အာဆီယံကွန်ကော့-၂ တို့တွင် ရည်မှန်းထားသည့်အတိုင်း အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို ရှေးရှု၍ ၂၀၁၅ ခုနှစ်တွင် တည်ထောင်ရန် ထပ်မံကတိကဝတ်ပြုခဲ့ပြီး စီဘူးကြေညာချက်အား လက်မှတ်ရေးထိုးခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းစီဘူးကြေညာချက်အရ အာဆီယံဒေသကို ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ရန်နှင့် ငွေကြေးအရင်းအနှီးများ ပိုမိုလွတ်လပ်စွာစီးဆင်းနိုင်သည့်ဒေသဖြစ်စေရန် သဘောတူခဲ့ရာမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

အေအီးစီ ၂၀၁၅ ၌ အောက်ဖော်ပြပါ သွင်ပြင်လက္ခဏာ (၄)ရပ်ရှိရာ ယင်းတို့မှာ အချင်းချင်း အပြန်အလှန် ဆက်စပ်၍ အမှီသဟဲပြုလျက်ရှိပါသည်-

(က) တစ်ခုတည်းသော စျေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ
(Single Market and Production Base)
(ခ) ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသ
(Competitive Economic Region)
(ဂ) စီးပွားရေးဖွံ့ဖြိုးမှု မျှတသောဒေသ
(Equitable Economic Development)
(ဃ) ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှုရှိသော ဒေသ
(Integration into the Global Economy)

## အေအီးစီ ဖော်ဆောင်မှု

